LOS ANGELES ကောင်တီ

# ရွေးကောက်ပွဲ စီမံခန့်ခွဲရေး အစီအစဉ်

2022

**DEAN C. LOGAN**
မှတ်ပုံတင်အရာရှိ-မှတ်တမ်းယူသူ/ကောင်တီစာရေး

**မာတိကာ**


နိဒါန်း....3

မဲဆန္ဒရှင်ရွေးချယ်ခွင့် အက်ဥပဒေ....3

LOS ANGELES ကောင်တီတွင် VCA ကို အကောင်အထည်ဖော်ခြင်း....4

အပိုင်း 1 – မဲဆန္ဒရှင် ပညာပေးခြင်းနှင့် ကမ်းလင့်ထောက်ကူမှု အစီအစဉ်....5

1-A မီဒီယာနှင့် ကမ်းလင့်ထောက်ကူမှု ဘတ်ဂျက် ....6

1-B မီဒီယာ ကမ်းလင့်ထောက်ကူမှု....7

1-C အသိုင်းအဝိုင်း ပါဝင်ဆောင်ရွက်မှု....10

1-D ဝက်ဘ်ဆိုက် အချက်အလက် ....12

1-E ဘာသာစကား အကူအညီ....12

1-F ပါဝင်မဲပေးနိုင်မှု အကူအညီ ....14

အပိုင်း 2 – မဲစင်တာများနှင့် မဲပေးလွှာထည့်ရန် ပုံးတည်နေရာများ....17

2-A မဲစင်တာများ....17

2-B မဲပေးလွှာထည့်ရန်ပုံးများ....19

အပိုင်း 3 – မဲစင်တာ ဖွဲ့စည်းပုံ၊ ပစ္စည်းကိရိယာများနှင့် ဝန်ထမ်းများ....19

3-A ဝန်ထမ်း ထောက်ပံ့ပို့ဆောင်ရေးနှင့် ဘာသာစကားမျိုးစုံ ဝန်ဆောင်မှုများ....19

3-B မဲစင်တာအကူအညီ....21

3-C မဲစင်တာ ဖွဲ့စည်းပုံ ....21

အပိုင်း 4 – လုံခြုံရေးနှင့် အရေးပေါ်အစီအစဉ်....22

4-A လုံခြုံရေး နည်းလမ်းများနှင့် စံနှုန်းများ....22

4-B မဲစင်တာ ပံ့ပိုးကူညီမှု ....22

4-C ဆိုက်ဘာ လုံခြုံရေး....23

4-D အရေးပေါ် အစီအစဉ် ....23

အပိုင်း 5 – ရှေ့ဆက်ဆောင်ရွက်ခြင်း ....24

## နိဒါန်း

Los Angeles ကောင်တီ (ကောင်တီ) သည် နိုင်ငံအတွင်း အကြီးမားဆုံး ဒေသတွင်းမဲပေးစီရင်ပိုင်ခွင့်ရှိပြီး ၎င်းတွင် စတုရန်းမိုင်ပေါင်း 4,100 အတွင်းနေထိုင်သည့် မှတ်ပုံတင်ထားသောမဲဆန္ဒရှင်ပေါင်း 5.7 သန်းကျော် ရှိသည်။မှတ်ပုံတင်အရာရှိ-မှတ်တမ်းယူသူ/ကောင်တီစာရေး (RR/CC) တွင် ဤစီရင်ပိုင်ခွင့်အတွင်းရှိ ဒေသတွင်း၊ ပြည်နယ်နှင့် ဖက်ဒရယ်ရွေးကောက်ပွဲများကို စီမံခန့်ခွဲရန်နှင့် မဲဆန္ဒရှင်အားလုံး ရွေးကောက်ပွဲအကြောင်း သိထားစေရန်၊ လာရောက်မဲပေးနိုင်ရန်နှင့် ကျွန်ုပ်တို့၏ဒီမိုကရေစီလုပ်ငန်းစဉ်တွင် သေချာပေါက် ပါဝင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ RR/CC သည် မဲဆန္ဒရှင်အား ရွေးကောက်ပွဲတွင် မပါဝင်နိုင်အောင် ဟန့်တားနိုင်ဖွယ်ရှိသည့် အတားအဆီးများ သို့မဟုတ် အခက်အခဲများကို ဖယ်ရှားပေးကာ ၎င်း၏ အများပြည်သူ ပိုင်ဆိုင်ပြီး အများပြည်သူအတွက်ပြုလုပ်ထားသည့် မဲပေးစနစ်ဖြစ်သော ပြည်သူအားလုံး မဲပေးနိုင်မည့်နည်းလမ်း (VSAP) မှတစ်ဆင့် မဲပေးရာတွင် ပိုမိုအဆင်ပြေစေရေးကို စဉ်ဆက်မပြတ် အားစိုက်လုပ်ဆောင်နေပါသည်။ VSAP နည်းလမ်းသည် ကောင်တီအတွင်းရှိ မဲဆန္ဒရှင်များကို အဆင်ပြေ၍သုံးရလွယ်ပြီး လုံခြုံစိတ်ချရသည့် မဲပေးမှုအတွေ့အကြုံရှိစေရန် မဲပေးနိုင်သည့်နည်းလမ်းများကို တိုးချဲ့ပံ့ပိုးပေးခြင်းဖြင့် မဲဆန္ဒရှင်များကို မဲပေးရန် အခွင့်အရေးများပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်သည့် ခေတ်မီပြီး အဆင်ပြေ၍ လုံခြုံစိတ်ချရသော မဲပေးနိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းသည် California ပြည်နယ်တစ်ဝန်းရှိ မဲပေးနိုင်သည့်နည်းလမ်းများကို တိုးချဲ့ရန် ကြိုးပမ်းမှုများနှင့်လည်း ကိုက်ညီပါသည်။

California ပြည်နယ် (ပြည်နယ်) သည်လည်း ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်အနေဖြင့် မဲပေးလွှာကို ထည့်နိုင်မည့် နည်းလမ်း၊ အချိန်နှင့် နေရာတို့ကို ပြန်လည်သတ်မှတ်ခြင်းဖြင့် မဲပေးခြင်းဆိုင်ရာ လုပ်ဆောင်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန်နှင့် ခေတ်မီစွာ မဲပေးနိုင်စေရန်အတွက် မကြုံစဖူး အဆင့်များကိုလည်း ဆောင်ရွက်ခဲ့သည်။ ဤသို့အလွယ်တကူမဲပေးနိုင်စေရန် ဆောင်ရွက်ချက် ဖြစ်မြောက်စေရေးအတွက် အထက်လွှတ်တော် ဥပဒေမူကြမ်း 450၊ California ပြည်နယ် မဲဆန္ဒရှင် ရွေးချယ်ခွင့် အက်ဥပဒေ (VCA) ကို ရေးဆွဲခဲ့သည်။

ဤစာရွက်စာတမ်းတွင် မဲဆန္ဒရှင်များအား ၎င်းတို့၏ မဲပေးပိုင်ခွင့်များနှင့် ရွေးချယ်စရာများကို အသိပညာပေးရန် RR/CC က စီစဉ်ထားပုံ၊ မဲစင်တာများနှင့် မဲပေးလွှာထည့်ရန်ပုံးတည်နေရာများကို ဖြန့်ဝေပုံ၊ နေရာချပုံနှင့် ထိန်းသိမ်းပုံ၊ မဲစင်တာ အပြင်အဆင်၊ မဲပေးသည့်စက်များနှင့် ဝန်ထမ်းရေးရာ အစီအစဉ်များအကြောင်း အသေးစိတ်၊ လုံခြုံရေးနှင့် အရေးပေါ် အစီအစဉ်များနှင့် နောက်အဆင့်များဆိုင်ရာ အသေးစိတ် အချက်အလက်များ ပါရှိသည်။

### မဲဆန္ဒရှင်ရွေးချယ်ခွင့် အက်ဥပဒေ

VCA သည် မဲဆန္ဒရှင်များအား ပိုမို လိုက်လျောညီထွေဖြစ်၍ အဆင်ပြေလွယ်ကူစေသည့် ထပ်တိုးရွေးချယ်စရာများကို ကမ်းလှမ်းနိုင်စေရန် ကောင်တီများအတွက် အခြေခံမူဘောင်ကို ပံ့ပိုးပေးသည်။ VCA ပုံစံ၏ အဓိကအစိတ်အပိုင်းများတွင် အောက်ပါတို့ ပါဝင်သည်-

- လိုက်လျောညီထွေဖြစ်သော လူကိုယ်တိုင် မဲပေးခြင်း နည်းလမ်းများသည် မဲပေးသူများအား ၎င်းတို့နေထိုင်ရာ ကောင်တီအတွင်းရှိ မည်သည့်မဲစင်တာ၌မဆို 11 ရက်ကျော် ကာလအတွင်း မဲပေးနိုင်စေမည်ဖြစ်သည်။

- အခြေအနေအရ မဲဆန္ဒရှင် မှတ်ပုံတင်ခြင်း(Conditional Voter Registration)အပါအဝင် မဲစင်တာများတွင် ပံ့ပိုးပေးထားသည့် အဆင့်မြင့် မဲဆန္ဒရှင် ဝန်ဆောင်မှုများနှင့် အကူအညီ။
- လုံခြုံစိတ်ချရ၍ အဆင်ပြေသော မဲပုံးများနှင့် မဲထည့်ရန် နေရာများ အပါအဝင် တိုးချဲ့ထားသော စာတိုက်မှမဲပေးခြင်း (VBM) ဝန်ဆောင်မှုများကို ရွေးကောက်ပွဲနေ့မတိုင်မီ 29 ရက်အလိုတွင် စတင်ရရှိနိုင်သည် (အပိုင်း 2-B ကို ကြည့်ပါ)။

VCA မဲပေးခြင်းပုံစံကို အောင်မြင်စွာအကောင်အထည်ဖော်ရာတွင် လက်ခံကျင့်သုံးသော ကောင်တီများအနေဖြင့် မဲပေးခြင်းနည်းစနစ်၊ ဘတ်ဂျက်ပမာဏ၊ မဲပေးနိုင်သည့် တည်နေရာများနှင့် ရပ်ရွာအဖွဲ့အစည်း၏ ပါဝင်ဆောင်ရွက်မှုအပါအဝင် ၎င်းတို့၏ လက်ရှိအခြေအနေများနှင့် လုပ်ငန်းစဉ်များကို ဂရုတစိုက်စစ်ဆေးရန် လိုအပ်သည်။

## LOS ANGELES ကောင်တီတွင် VCA ကို အကောင်အထည်ဖော်ခြင်း

VCA ကို ကောင်တီတွင် အကောင်အထည်ဖော်ရန် RR/CC သည် ၎င်း၏ လက်ရှိ ပြောင်းလဲထားသော VSAP အခြေခံမူများပေါ် မူတည်၍ ဒီဇိုင်း၊ လက်လှမ်းမီမှု၊ လုံခြုံရေး၊ နည်းပညာ၊ ရွေးကောက်ပွဲ စီမံအုပ်ချုပ်ရေး၊ ပညာရေး နယ်ပယ်များရှိ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသော အကြံပေး ကော်မတီများမှ အတည်ပြုချက်၊ သက်ဆိုင်သူများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBO များ) နှင့် လူထုထံမှ အများပြည်သူ ထင်မြင်ချက်တို့ဖြင့် ဟန်ချက်ညီညီ ချိန်ညှိကာ မဲပေးသူများ၏ လိုအပ်ချက်များကို အာရုံစိုက်နိုင်စေမည့် အခြေခံစနစ်တစ်ခုကို ဖော်ဆောင်ခဲ့သည်။ အကြံပေးအဖွဲ့များ၊ စစ်တမ်းများ၊ ဦးစားပေးလုပ်ဆောင်သည့်အဖွဲ့များ၊ နည်းပညာဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုနှင့် သုံးစွဲသူစမ်းသပ်ခြင်းတို့ကို ပေါင်းစပ်အသုံးပြုပြီး RR/CC သည် ပြည်နယ်နှင့် ဒေသတွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကာ မဲဆန္ဒရှင်များ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော၊ နိုင်ငံတော် မဲပေးစနစ် လုံခြုံရေးစံနှုန်းများကို ကျော်လွန်သော မဲပေးခြင်းအတွေ့အကြုံအသစ်ကို ဖော်ဆောင်ခြင်းဆိုင်ရာ ရှုပ်ထွေးသော လုပ်ငန်းစဉ်ကို ဦးဆောင်ကာ စံနမူနာတစ်ခုကို သတ်မှတ်ခဲ့သည်။

မတ်လ 3 ရက်၊ 2020 ခုနှစ် သမ္မတအကြိုရွေးကောက်ပွဲတွင် ကောင်တီသည် အပြည့်အဝ အသုံးပြုနိုင်ပြီး လုံခြုံစိတ်ချရသော မဲပေးလွှာ အမှတ်အသားပြုသည့် စက် (BMD)၊ အီလက်ထရောနစ် မဲစာအုပ် (ePollbook)၊ အပြန်အလှန်အကျိုးပြုသော နမူနာ မဲပေးလွှာ (ISB)၊ အဝေးမှ အဆင်ပြေသော စာတိုက်မှမဲပေးခြင်း (RAVBM)၊ ခေတ်မီသော တာလီစနစ်၊ 10 ရက်တာ လူကိုယ်တိုင် ကြိုတင်မဲပေးကာလ၊ မဲစင်တာများနှင့် Mobile/Flex မဲပေးခြင်းအစီအစဉ်စသည်တို့ ပါဝင်ခဲ့သော အတွေ့အကြုံကို မဲဆန္ဒရှင်များအား မိတ်ဆက်ကာ VSAP ပဏာမခြေလှမ်းကို အကောင်အထည်ဖော်ခဲ့သည်။ ဤ VCA နှင့် VSAP ကို ကနဦး အကောင်အထည်ဖော်ရာတွင် VBM မဲပေးလွှာကို သုံး၍ မဲပေးသူပေါင်း 1.14 သန်းကျော် ရှိခဲ့ပြီး နောက်ထပ်တစ်သန်းသည် မဲစင်တာတွင် မဲပေးခဲ့ကြသည်။ ဤမဲပေးမှုသည် VBM ဖြင့် မဲပေးမှုပေါင်း 75% ခန့် တိုးလာပြီး 2018 ခုနှစ်၊ ဇွန်လတွင် ပြုလုပ်ခဲ့သော ယခင် ကောင်တီလုံးဆိုင်ရာ အကြို ရွေးကောက်ပွဲမှ စုစုပေါင်း မဲပေးမှု၏ 42% ဖြစ်ပြီး ၎င်းသည် စာတိုက်မှမဲပေးခြင်း မဲပေးလွှာကို သုံး၍ မဲပေးသူပေါင်း 665,000 ခန့်ကို ကိုယ်စားပြုသည်။ RR/CC က ကောက်ယူသည့် စစ်တမ်းတွင် မဲပေးသူ 70% က ၎င်းတို့တွင် ယေဘုယျအားဖြင့် ကြားနေ သို့မဟုတ် အပြုသဘောဆောင်သည့် အတွေ့အကြုံရှိကြောင်း ပြောဆိုခဲ့သည်။

မတ်လ 3 ရက်၊ 2020 ခုနှစ် သမ္မတအကြိုရွေးကောက်ပွဲပြီးလျှင်ပြီးချင်း ကောင်တီကြီးကြပ်ရေးမှူးများ ဘုတ်အဖွဲ့ (ဘုတ်အဖွဲ့) သည် ကောင်တီအနေဖြင့် စာရင်းသွင်းထားသော မဲဆန္ဒရှင်အားလုံးထံ VBM မဲပေးလွှာကို စာတိုက်မှပို့ပေးရန် လိုအပ်သော ရွေးကောက်ပွဲ ကျင့်ထုံးဥပဒေ 4005 နှင့် 4007(c) တို့တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း VCA ၏ ပြဋ္ဌာန်းချက်များကို လက်ခံကျင့်သုံးရန် RR/CC အား ညွှန်ကြားခဲ့သည်။ ဤကြိုတင်လက်ခံကျင့်သုံးမှုသည် မဲဆန္ဒရှင်များအား COVID-19 ကမ္ဘာ့ကပ်ရောဂါ စတင်ချိန်အတွင်း ၎င်းတို့၏ ကျန်းမာရေးနှင့် ၎င်းတို့မိသားစု၏ ကျန်းမာရေးကို အရဲမစွန့်ဘဲ အိမ်မှ လုံခြုံစွာ မဲပေးနိုင်သည့် အခွင့်အရေးကို ပေးခဲ့သည်။ ၎င်းသည်

မတ်လ 3 ရက်၊ 2020 ခုနှစ် သမ္မတ အကြို ရွေးကောက်ပွဲနှင့် နိုင်းယှဉ်လျှင် နိုဝင်ဘာလ 3 ရက်၊ 2020 ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နောက်ထပ် VBM မဲပေးလွှာအရေအတွက် 2.5 သန်းခန့် တိုး၍ စာတိုက်မှတစ်ဆင့် ပေးပို့ခဲ့သည်ဟု ဆိုလိုပါသည်။ ဤရွေးကောက်ပွဲတွင် စာတိုက်မှမဲပေးခြင်း မဲပေးလွှာကို သုံး၍ မဲပေးသူ 3.4 သန်းကျော်ရှိပြီး လူကိုယ်တိုင် မဲပေးသူပေါင်း 913,000 ခန့် ရှိသည်။ ၎င်းသည် မဲပေးသူပေါင်း 4.3 သန်းရှိသည့် သမိုင်းဝင် မဲပေးမှုအဖြစ် မှတ်တမ်းတင်ခဲ့ပြီး 2018 ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သော ယခင် ကောင်တီလုံးဆိုင်ရာ ရွေးကောက်ပွဲ၏ စုစုပေါင်း မဲပေးသူအရေအတွက်နှင့် နှိုင်းယှဉ်ပါက 58% မှ 76% ထိ တိုးလာသည်။ RR/CC က ကောက်ယူခဲ့သည့် စစ်တမ်းတစ်ခုတွင် စစ်တမ်းဖြေဆိုသူ 94% က ၎င်းတို့တွင် ယေဘုယျအားဖြင့် ကြားနေ သို့မဟုတ် အပြုသဘောဆောင်သည့် မဲပေးခြင်း အတွေ့အကြုံရှိခဲ့ကြောင်း ညွှန်ပြခဲ့ပြီး မဲပေးသူများသည် ၎င်းတို့အတွေ့အကြုံနှင့် ပတ်သက်၍ ပိုမိုစိတ်တိုင်းကျလာသည်ကိုလည်း တွေ့ခဲ့ရသည်။

## အပိုင်း 1 – မဲဆန္ဒရှင် ပညာပေးခြင်းနှင့် ကမ်းလင့်ထောက်ကူမှု အစီအစဉ်

RR/CC သည် စာရင်းသွင်းထားသော မဲပေးသူများနှင့် သတ်မှတ်ချက်မီပြီး စာရင်းမသွင်းထားသော မဲပေးသူများအကြား မဟာဗျူဟာမြောက် လူထု အသိပညာပေးခြင်းနှင့် ကမ်းလင့်ထောက်ကူခြင်း အစီအစဉ်များကို ဆက်တိုက်ပြုလုပ်ခြင်းဖြင့် ၎င်းတို့၏ မဲပေးခွင့်များ၊ မဲပေးနည်းလမ်းများ၊ VCA၊ VSAP မဲပေးခြင်း အတွေ့အကြုံနှင့် မဲပေးခြင်း အရင်းအမြစ်များကို အသုံးပြုနည်းများအကြောင်း ပညာပေး၍ ပိုမိုသိရှိလာစေရန် ဆက်လက်လုပ်ဆောင်ပါမည်။ VSAP နှင့် VCA တို့ကို အကောင်အထည်ဖော်၍ လက်ခံကျင့်သုံးသည့် အချိန်မှစ၍ RR/CC သည် ကောင်တီတစ်ဝှမ်းရှိ မဲဆန္ဒရှင်သန်းပေါင်းများစွာကို ပါဝင်ပတ်သက်အောင် ဘာသာစကားမျိုးစုံနှင့် ယဉ်ကျေးမှုပေါင်းစုံ မဲဆန္ဒရှင်ပညာပေးစည်းရုံးလှုံ့ဆော်မှု အကြီးကြီးသုံးခုကို အကောင်အထည်ဖော်ခဲ့သည်။ ဤကမ်ပိန်းများသည် အမျိုးမျိုးသော နည်းလမ်းများနှင့် နည်းဗျူဟာများကို အသုံးပြုကာ မဲဆန္ဒရှင်များထံ ဘာသာစကားများစွာဖြင့် အရေးကြီးသော မှာကြားချက်များကို ပေးပို့ခဲ့ပြီး မဲဆန္ဒရှင်များအား ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်နှင့် ဖုန်းခေါ်ဆိုခအခမဲ့ ဟော့လိုင်းတွင် အများပြည်သူရရှိနိုင်သော အချက်အလက်များနှင့် အရင်းအမြစ်များကို လမ်းညွှန်ပေးခဲ့သည်။ RR/CC သည် အချက်အလက် ဦးစားပေးအသုံးချသည့် အကောင်းဆုံး ဆောင်ရွက်ချက်များ၊ ချဉ်းကပ်မှုများနှင့် ဈေးကွက်တွင်ရရှိနိုင်သော ဆက်သွယ်မှုပလက်ဖောင်းများကို အသုံးချပြီး ကမ်ပိန်းများကို ဆက်လက်ဖန်တီးပြီး အကောင်အထည်ဖော်သွားပါမည်။

ထို့အပြင် RR/CC သည် TV၊ ရေဒီယို၊ ပုံနှိပ်နှင့် ဒစ်ဂျစ်တယ်သတင်းဌာနများတွင် အကျိုးရှိသော မီဒီယာအခွင့်အလမ်းများ ရရှိစေရန် ဒေသတွင်းနှင့် ဘာသာစကားမျိုးစုံ သတင်းမီဒီယာကွန်ရက်များနှင့် ၎င်း၏ ဆက်ဆံရေးကို ဆက်လက်အသုံးချပြီး အကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်သွားပါမည်။ အဆိုပါအခွင့်အရေးများတွင် အင်တာဗျူးခြင်း၊ မီဒီယာစကားဝိုင်းများ၊ သတင်းစာ ရှင်းလင်းပွဲများနှင့် မဲပေးခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအကြောင်း လေ့လာနိုင်စေရန် အများပြည်သူ စုံညီဆွေးနွေးပွဲ လုပ်ဆောင်ချက်အမျိုးမျိုးသို့ မီဒီယာအား ဖိတ်ကြားခြင်းစသည်တို့ အကန့်အသတ်မရှိပါဝင်သည်။ ဒေသတွင်း မီဒီယာနှင့် ထိုကဲ့သို့ ထိတွေ့ဆက်ဆံမှုများသည် လူထုအား လာမည့်ရွေးကောက်ပွဲများ၊ အရေးကြီးသော နောက်ဆုံးသတ်မှတ်ရက်များ၊ မဲဆန္ဒရှင် စာရင်းသွင်းခြင်းဆိုင်ရာ အခွင့်အလမ်းများ၊ မဲပေးခြင်း ရွေးချယ်စရာများ စသည်တို့နှင့် ပတ်သက်သည့် ယုံကြည်စိတ်ချရသည့် အချက်အလက်များကို ဖြန့်ချိပံ့ပိုးပေးသည်။

ထို့အပြင် RR/CC သည် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ကောင်တီတွင်းရှိ သက်ဆိုင်သူများ၊ အကြံပေးကော်မတီများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ အထက်တန်းကျောင်းများ၊ ကွန်မြူနတီကောလိပ်များနှင့် တက္ကသိုလ်များအပါအဝင် ကန့်သတ်မထားသော ရေရှည်လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါမည်။ ဤပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် RR/CC သည် ကျွန်ုပ်တို့၏ ကျယ်ပြန့်သော ယဉ်ကျေးမှုပေါင်းစုံ အသိုင်းအဝိုင်းများအား ကြိုတင်မဲပေးခွင့်များကို မည်ကဲ့သို့

အကျိုးရှိရှိအသုံးချနိုင်ပုံအကြောင်း အသိပညာပေးရန်၊ ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုနှင့် မဲဆန္ဒရှင်ပါဝင်မှုကို မြှင့်တင်ရန်အတွက် ဘာသာစကားမျိုးစုံဖြင့် ကမ်းလင့်ထောက်ကူမှု အကြောင်းအရာများကို ပူးပေါင်းပံ့ပိုးပေးပါမည်။

## 1-A မီဒီယာနှင့် ကမ်းလင့်ထောက်ကူမှု ဘတ်ဂျက်

RR/CC ၏ 21-22 ဘဏ္ဍာရေးနှစ်အတွက် မီဒီယာနှင့် ကမ်းလင့်ထောက်ကူမှု ဘတ်ဂျက်မှာ $6,300,000 ဖြစ်သည်။ ကောင်တီ၏ ဘဏ္ဍာရေးနှစ်သည် ဇူလိုင်လမှ ဇွန်လအထိဖြစ်သည်။ ထို့ကြောင့် ဤဘတ်ဂျက်သည် 2022 ခုနှစ်၊ ဇွန်လ 7 ရက် ပြည်နယ်လုံးဆိုင်ရာ တိုက်ရိုက် အကြို ရွေးကောက်ပွဲနှင့် 2020 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်အထွေထွေ ရွေးကောက်ပွဲအတွက် အသိပညာပေးခြင်းနှင့် ကမ်းလင့်ထောက်ကူခြင်းနှင့် ပတ်သက်သည့် အစောပိုင်း ကုန်ကျစရိတ်အချို့ ပါဝင်ပါသည်။ ကောင်တီ မဲပေးသူများနှင့် ဒေသခံများအား ၎င်းတို့၏ တရားဝင်မဲပေးခွင့်များ၊ မဲပေးနည်းလမ်းများနှင့် ရွေးကောက်ပွဲဆိုင်ရာ အရင်းအမြစ်များအကြောင်း ပညာပေးရန်အတွက် ဘာသာစကားမျိုးစုံနှင့် ယဉ်ကျေးမှုပေါင်းစုံ မဲပေးသူ ပညာပေး ကမ်ပိန်းကြီးတစ်ခုကို အကောင်အထည်ဖော်ရန် ဤဘတ်ဂျက်ကို အသုံးပြုမည်ဖြစ်သည်။

**ဇယား 1- ဘဏ္ဍာရေးနှစ်များအတွက် အသုံးစရိတ် နှိုင်းယှဉ်ချက်များ**

| | မီဒီယာ | | | ကမ်းလင့်ထောက်ကူမှု | | |
|---|---|---|---|---|---|---|
| **ဘဏ္ဍာရေးနှစ်** | **ဘတ်ဂျက်** | **ကုန်ကျစရိတ်** | **ခြားနားမှု** | **ဘတ်ဂျက်** | **ကုန်ကျစရိတ်** | **ခြားနားမှု** |
| **17-18 ဘဏ္ဍာရေးနှစ်** | $850,000 | $488,656 | $361,344 | $25,000 | $29,773 | $(4,773) |
| **18-19 ဘဏ္ဍာရေးနှစ်** | $1,500,000 | $587,216 | $912,784 | $25,000 | $62,216 | $(37,216) |
| **19-20 ဘဏ္ဍာရေးနှစ်** | $7,467,000 | $360,269 | $7,106,731 | $25,000 | $1,001 | $23,999 |
| **20-21 ဘဏ္ဍာရေးနှစ်** | $725,000 | $290,338 | $434,662 | $16,376,000 | $12,804,721 | $3,571,279 |
| **21-22 ဘဏ္ဍာရေးနှစ်** | $1,700,000 | $970,101 | $729,899 | $4,600,000 | - | $4,600,000 |
| **22-23 ဘဏ္ဍာရေးနှစ်** | $700,000 | - | $700,000 | $2,000,000 | - | $2,000,000 |

## 1-B မီဒီယာ ကမ်းလင့်ထောက်ကူမှု

RR/CC သည်ကောင်တီ၏ မတူကွဲပြားသော လူဦးရေသို့ ထိရောက်စွာ ရောက်ရှိရန်နှင့် ဆက်သွယ်ရန် အကောင်းဆုံးနည်းလမ်းများကို ဆုံးဖြတ်ရာတွင် ယခင် မဲဆန္ဒရှင်ပညာပေးကမ်ပိန်းများမှ အစီရင်ခံစာများ၊ လူထုမဲဆန္ဒရှင်စစ်တမ်းများနှင့် နိုင်ငံတော်မှ အသိအမှတ်ပြုထားသော အချက်အလက်အရင်းအမြစ်များကဲ့သို့ အချက်အလက်အရင်းအမြစ်များစွာကို အသုံးပြုပါသည်။ RR/CC သည် ပြည်သူများအား အွန်လိုင်းနှင့် ကွန်ပ်တို့၏ ဖုန်းခေါ်ဆိုခအခမဲ့ ဟော့လိုင်းမှတစ်ဆင့် ၎င်းတို့အတွက် ရရှိနိုင်သော ယုံကြည်စိတ်ချရသည့် အရင်းအမြစ်များကို လမ်းညွှန်ပေးခြင်းအပြင် ၎င်းတို့၏ မဲပေးခြင်းရွေးချယ်စရာများနှင့် အခွင့်အရေးများအကြောင်း မည်ကဲ့သို့ ပညာပေးရမည်ကို အကောင်းဆုံး ဆုံးဖြတ်ရန် အချက်အလက် ဦးစားပေးအသုံးချ ချဉ်းကပ်မှုကို ဆက်လက်အသုံးပြုသွားပါမည်။

မီဒီယာကမ်ပိန်းများကို ဘာသာစကားမျိုးစုံနှင့် ယဉ်ကျေးမှုပေါင်းစုံဖြင့် ပြုလုပ်ပါမည်။ ကောင်တီ၏ မတူကွဲပြားသော အသိုင်းအဝိုင်းများထံ ရောက်ရှိကြောင်း သေချာစေရန် RR/CC သည် နိုင်ငံလုံးဆိုင်ရာ ပလက်ဖောင်းကြီးများအပြင် ဒေသတွင်း သတင်းဌာနငယ်များနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ဤဘက်ပေါင်းစုံ ချဉ်းကပ်မှုသည် မဲပေးသူများအနေဖြင့် သတင်းနှင့် အချက်အလက်များရရှိရန် ၎င်းတို့ပုံမှန်အသုံးပြုသည့် မည်သည့်နည်းလမ်းဖြင့်မဆို RR/CC ၏ သတင်းစကားကို လက်ခံရရှိမည်ဖြစ်သည်။

### ရုပ်သံလွှင့်မီဒီယာ

RR/CC သည် ရုပ်မြင်သံကြားနှင့် ရေဒီယိုပေါ်တွင် ပြည်သူ့ဝန်ဆောင်မှု ကြေညာချက်များကို ထုတ်ပြန်ရန်၊ သတင်းအချက်အလက် အင်တာဗျူးများ လုပ်ဆောင်ရန်နှင့် အခပေးဆွေးနွေးမှုများပြုလုပ်ရန် အမျိုးမျိုးသော အင်္ဂလိပ်နှင့် အင်္ဂလိပ်မဟုတ်သော ရုပ်သံလွှင့် ကွန်ရက်များနှင့် ဌာနများစွာဖြင့် ပူးတွဲဆောင်ရွက်ပါမည်။ ပြည်သူ့ဝန်ဆောင်မှု ကြေညာချက်များတွင် အခြားသော RR/CC ၏ ကမ်းလှမ်း ကြိုးပမ်းမှုများနှင့်အတူ လာမည့်ရွေးကောက်ပွဲများ၊ မှတ်ပုံတင်ခြင်း အချက်အလက်များ၊ ဘာသာစကား အခွင့်အရေးများနှင့် မဲပေးမှု ရွေးချယ်စရာများနှင့်ပတ်သက်သည့် အရေးကြီးသော သတင်းအချက်အလက်များ ပါဝင်ပါမည်။ ဤကြိုးပမ်းမှုများသည် အင်္ဂလိပ်နှင့် အင်္ဂလိပ်စကားမပြောသော နိုင်ငံသားများကို တိုက်ရိုက်အကျိုးပြုမည် ဖြစ်ပါသည်။ ယခင်က လုပ်ဖော်ကိုင်ဖက်များတွင် အောက်ပါတို့ အကန့်အသတ်မရှိ ပါဝင်ပါသည်-

- ABC
- CBS
- KTLA
- FOX
- NBC
- Telemundo
- Univision
- iHeart Media
- POWER 106
- Entercom
- Entravision
- Liberman Broadcasting
- KNX
- KPCC
- NPR
- K-ABC
- KFI
- KJLH

**ပုံနှိပ်မီဒီယာ**

RR/CC သည် အများပြည်သူပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် စာဖတ်သူများအား ၎င်းတို့အနေဖြင့် မဲပေးရန် စာရင်းသွင်းနိုင်ပုံ၊ ၎င်းတို့၏ မဲပေးခွင့်များနှင့် ရွေးချယ်စရာများကို သုံးသပ်နိုင်ပုံ၊ ရွေးကောက်ပွဲအရင်းအမြစ်များကို ရှာဖွေနိုင်ပုံနှင့် ကြိုတင်မဲပေးခြင်းတွင် ပါဝင်စေရေးအတွက် တိုက်တွန်းအားပေးနိုင်ပုံအကြောင်း ပညာပေးရန် ဒေသတွင်းနှင့် နယ်မြေအတွင်း ပုံနှိပ်မီဒီယာနှင့် ပူးတွဲလုပ်ဆောင်ပါမည်။ ၎င်းတွင် သတင်းစာများ၊ မဂ္ဂဇင်းများနှင့် သတင်းလွှာများ ပါဝင်သည်။ ပုံနှိပ်မီဒီယာသည် အင်္ဂလိပ်မဟုတ်သည့် ဘာသာစကားကို အဓိက ပြောဆို သို့မဟုတ် ဖတ်ရှုသည့် နေထိုင်သူများအပြင် ပထဝီဝင်အနေအထားအရ သီးခြားရှိပြီး ဝန်ဆောင်မှုလုံလောက်စွာမရသော အသိုင်းအဝိုင်းများသို့ ပျံ့နှံ့ရောက်ရှိရန် ယုံကြည်စိတ်ချရသော ဆက်သွယ်ရေးနည်းလမ်းအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ယခင်က လုပ်ဖော်ကိုင်ဖက်များတွင် အောက်ပါတို့ ကန့်သတ်ချက်မရှိ ပါဝင်သည်-

- Los Angeles Times
- LA Daily News
- Daily Breeze
- Pasadena Star News
- Long Beach Press-Telegram
- Whittier Daily News
- San Gabriel Valley Tribune
- LA Sentinel
- La Opinion
- World Journal
- The Korea Times

**ဒစ်ဂျစ်တယ် မီဒီယာ**

RR/CC သည် မဲဆန္ဒရှင်များက ၎င်းတို့၏ သတင်းများ သို့မဟုတ် ဖျော်ဖြေမှုကို ကြည့်ရှုနားဆင်နိုင်ရန် ဖြည့်ဆည်းပေးရာတွင် အထောက်အကူပြုရန် အမျိုးမျိုးသော ဘာသာစကားမျိုးစုံ ပလက်ဖောင်းများ၊ ဝက်ဘ်ဆိုက်များနှင့် တိုက်ရိုက်ထုတ်လွှင့်သော ဝန်ဆောင်မှုများတွင် ရုပ်ပြမြင်နှင့် ဗီဒီယို ကြော်ငြာများကို ပံ့ပိုးပေးရန် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို ဆက်လက်အသုံးချသွားပါမည်။ နေထိုင်သူများသည် အချက်အလက်များ အသုံးပြုရန်နှင့် အွန်လိုင်း အရင်းအမြစ်များ သို့မဟုတ် အချက်အလက်များကို ဝင်ရောက်အသုံးပြုရန် ၎င်းတို့၏ မိုဘိုင်း သို့မဟုတ် ဒစ်ဂျစ်တယ်စက်များကို လွန်စွာမှီခိုအားထားသည့်အတွက် ဒစ်ဂျစ်တယ်မီဒီယာသည် ထိရောက်သော မီဒီယာနှင့် ကမ်းလင့်ထောက်ကူခြင်းအစီအစဉ်တွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

**ဆိုရှယ်မီဒီယာ**

RR/CC သည် မဲပေးရန် စာရင်းသွင်းနည်းအတွက် ကောင်တီတွင်း နေထိုင်သူများနှင့် ဆက်သွယ်ပြောဆိုရန်၊ မဲဆန္ဒရှင်ပါဝင်ဆောင်ရွက်မှုကို အားပေးတိုက်တွန်းရန် ဆိုရှယ်မီဒီယာကို ဆက်လက်အသုံးပြုသွားပါမည်။ ဆိုရှယ်မီဒီယာသည် သတ်မှတ်ထားသည့် ပရိသတ်များကို မှာကြားချက်များဖြင့် ပစ်မှတ်ထားရန်အပြင် အရေးကြီးသော မဲပေးခြင်းနှင့် ရွေးကောက်ပွဲအချက်အလက်များကို အဓိက သတိပြုမိစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရန် တွက်ခြေကိုက် အကျိုးရှိသည့် အကောင်းဆုံးနည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ထို့အပြင် ဆိုရှယ်မီဒီယာသည် RR/CC အား မေးခွန်းများ၊ စိုးရိမ်စရာများကို ဖြေရှင်းရန် သို့မဟုတ် မမှန်ကန်သော ထွက်ဆိုချက်များ သို့မဟုတ် သတင်းအချက်အလက်အမှားများကို ပပျောက်စေရန်အတွက် မဲဆန္ဒရှင်များနှင့်

ဆက်သွယ်ဆောင်ရွက်နိုင်စေပြီး ဆိုရှယ်မီဒီယာပလက်ဖောင်းအမျိုးမျိုးတွင် ရွယ်သူအချင်းချင်းဆက်သွယ်ဆောင်ရွက်မှုအတွက် ထူးခြားသောအခွင့်အလမ်းကို ပေးပါသည်။

သင်သည် RR/CC ကို အောက်ပါနေရာများတွင် လိုက်ခ်လုပ်ပြီး စောင့်ကြည့်နိုင်သည် သို့မဟုတ် စာရင်းသွင်းထားနိုင်သည်-

- Facebook- facebook.com/LACountyRRCC
- Instagram- @lacountyrrcc
- YouTube- lacountyrrcc
- Twitter- @LACountyRRCC

**အီးမေးလ်ဖြင့် ဆက်သွယ်ခြင်း**

RR/CC သည် မဲဆန္ဒရှင်များထံ သတ်မှတ်နောက်ဆုံးရက်များ၊ မဲပေးခွင့်များနှင့် ၎င်းတို့၏ မဲပေးခြင်းအတွေ့အကြုံကို ပိုမိုလွယ်ကူအဆင်ပြေမည့် အွန်လိုင်းကိရိယာများကို မည်ကဲ့သို့ ဝင်ရောက်အသုံးပြုနိုင်ပုံအကြောင်း ယုံကြည်စိတ်ချရသော မှာကြားချက်များကို အချိန်မီ ပေးပို့နိုင်ရန် မဲဆန္ဒရှင် စာရင်းသွင်းမှု အချက်အလက်များနှင့် ဆက်စပ်သော ၎င်း၏ အီးမေးလ် လိပ်စာများ စာရင်းအလုံးစုံကို ဆက်လက်အသုံးချသွားပါမည်။

**အပြင်ဘက် ကြော်ငြာ**

RR/CC သည် နေထိုင်သူများထံ မှာကြားချက်ပို့ရန် အပြင်ဘက် ကြော်ငြာ အခွင့်အလမ်းအမျိုးမျိုးကို အကဲဖြတ်ဆုံးဖြတ်ရန် ဆက်လက်လုပ်ဆောင်သွားပါမည်။ ယခင်က ဘတ်စ်ကားအမိုးအကာများနှင့် အဝေးပြေးလမ်းမများရှိ ဆိုင်းဘုတ်များ အပါအဝင် ပုံမှန်အပြင်ဘက် ဆိုင်းဘုတ်ကြော်ငြာများကို အကောင်းဆုံးအသုံးချခဲ့ပြီး ၎င်းနည်းလမ်းကို ကောင်တီအတွင်းရှိ မတူကွဲပြားသော၊ ပထဝီဝင်အနေအထားအရ သီးသန့်ဖြစ်သော အသိုက်အဝန်းများထံ ရွေးကောက်ပွဲဆိုင်ရာ အဓိက အချက်အလက်များ ပျံ့နှံ့ရောက်ရှိကြောင်း သေချာစေရန် ဆက်လက်စူးစမ်းလေ့လာသွားမည် ဖြစ်သည်။

**Rideshare/သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ**

RR/CC သည် မဲစင်တာများသို့ အကြို/အပို့ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် ရည်ရွယ်၍ မဲဆန္ဒရှင် စာရင်းသွင်းခြင်းနှင့် အချက်အလက်ကို ထောက်ပံ့ကူညီရန် ကောင်တီတစ်ဝန်းရှိ rideshare ကုမ္ပဏီများ၊ မြို့တော်သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၊ ကောင်တီပြည်သူ့လုပ်ငန်းဦးစီးဌာနနှင့် အခြားသယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပါမည်။

**လူမှုကွန်ရက်တွင် နာမည်ကြီးသူများနှင့် ယုံကြည်စိတ်ချရသော သတင်းပေးပို့သူများ**

RR/CC နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များက ချမှတ်ထားသော အဓိကမှာကြားချက်ကို အသိပညာပေးရန်နှင့် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းအတွင်းရှိ လူမှုကွန်ရက်တွင် နာမည်ကြီးသူများနှင့် ယုံကြည်စိတ်ချရသော သတင်းပေးပို့သူများနှင့် RR/CC က ဆက်လက်ပူးတွဲလုပ်ဆောင်သွားပါမည်။

**တိုက်ရိုက်စာပို့ခြင်း**

ကောင်တီလုံးဆိုင်ရာ ရွေးကောက်ပွဲများတွင် RR/CC သည် မှတ်ပုံတင်ထားသော မဲပေးသူများထံ တိုက်ရိုက် စာပို့မှုနှစ်ခုဖြင့် တိုက်ရိုက်ပေးပို့မည် ဖြစ်ပါသည်။ မဲပေးသူများကို တိုက်ရိုက်ကူညီရန်၊ RR/CC သည် စာတိုက်မှမဲပေးသည့်အထုပ်တွင် အနီးဆုံး မဲပေးလွှာထည့်ရန် ပုံးတည်နေရာများကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။ မှတ်ပုံတင်ထားသော မဲပေးသူတိုင်းကို သူတို့၏ နေအိမ်နှင့် အနီးဆုံး မဲစင်တာများကို ပြသသည့် နောက်ထပ်မဲစင်တာ စာစောင်ကို ပေးပို့ပါမည်ဖြစ်။ RR/CC သည် လာမည့်ရွေးကောက်ပွဲအကြောင်း မဲပေးသူများအား အသိပညာပေးရန်နှင့် ရွေးကောက်ပွဲတွင် လူကိုယ်တိုင်နှင့် စာတိုက်မှ မဲပေးခြင်း အချိန်ကာလများ၊ အသုံးပြုနိုင်သော မဲပေးနည်းလမ်းများ၊ လူကိုယ်တိုင် မဲပေးရန် မဲစင်တာများ၏ တည်နေရာများနှင့် RR/CC ၏ ခေါ်ဆိုခအခမဲ့ ဟော့လိုင်း သို့မဟုတ် ဝက်ဘ်ဆိုက်မှတစ်ဆင့် ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲ အချက်အလက်များကို မဲပေးသူများ ရှာဖွေနိုင်သည့်နေရာများအကြောင်း အသေးစိတ်ဖော်ပြရန် နမူနာ မဲပေးလွှာနှင့် စာတိုက်မှမဲပေးခြင်းအထုပ်အပြင် ကမ်းလင့်ထောက်ကူမှုပုံစံအဖြစ် တိုက်ရိုက်စာပို့ခြင်းများကို ဆက်လက်အသုံးပြုပါမည်။

ရွေးကောက်ပွဲ လည်ပတ်မှုအပေါ် မူတည်၍ စာတိုက်မှပေးပို့မှုများတွင် မဲပေးသူများအား အင်္ဂလိပ်မဟုတ်သော အခြားဘာသာစကားဖြင့် ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို တောင်းဆိုရန် သို့မဟုတ် ၎င်းတို့၏ နေထိုင်ရာလိပ်စာ အချက်အလက်ကို အပ်ဒိတ်လုပ်ရန် စာပို့ခ ပေးချေပြီးသော ပြန်လည်ပေးပို့ရန် ပုံစံမျိုး ပါဝင်နိုင်သည်။

## 1-C အသိုင်းအဝိုင်း ပါဝင်ဆောင်ရွက်မှု

အများပြည်သူထံ ထိထိရောက်ရောက် ရောက်ရှိစေရန်နှင့် VSAP နှင့် ပတ်သက်သော အချက်အလက်များကို ပံ့ပိုးပေးရန် RR/CC သည် ကောင်တီအတွင်းရှိ လုပ်ဖော်ကိုင်ဖက်အေဂျင်စီများ၊ အခြားအုပ်ချုပ်ရေး အေဂျင်စီများ၊ မြို့တော်စာရေးများနှင့် CBO များနှင့်အတူ ဆက်လက် ပူးတွဲလုပ်ဆောင်ပါမည်။ RR/CC သည် တင်ဆက်မှုများ၊ ဝန်ထမ်းအခမ်းအနားများ ကျင်းပပြီး လေ့ကျင့်ရေးနှင့် အကြောင်းအရာများကို ပံ့ပိုးပေးကာ အများပြည်သူအား တစ်သမတ်တည်းဖြစ်သော မှာကြားချက်ကို ပေးအပ်လျက်ရှိကြောင်း သေချာအောင်ဆောင်ရွက်ပါမည်။ ဤလှုပ်ရှားမှုများကို ပံ့ပိုးပေးရန်အတွက် RR/CC သည် အသိုင်းအဝိုင်းအား VSAP နှင့် VCA အကြောင်း နောက်ထပ်အသိပညာပေးရန်နှင့် သတင်းပေးရန် အချက်အလက်ဆိုင်ရာ လက်ကမ်းစာစောင်များနှင့် ပိုစတာများစွာကို ဖန်တီးခဲ့သည်။ ဤအဖွဲ့အစည်းများထံ ပံ့ပိုးပေးသော အကြောင်းအရာအားလုံးတွင် VSAP အမှတ်တံဆိပ် ပါရှိပြီး အချက်အလက်များသည် ဆီလျော်မှုရှိပြီး မှန်ကန်တိကျကာ ယုံကြည်စိတ်ချရသော အရင်းအမြစ်မှလာကြောင်း အများပြည်သူအား အာမခံပါသည်။

**ကောင်တီတစ်ဝန်း ပူးပေါင်းဆောင်ရွက်ခြင်း/သက်ဆိုင်သူများ**

အများပြည်သူထံ ဆက်သွယ်၍ အသိပညာပေးရာတွင် အစိုးရ အရာရှိများ (ရွေးကောက်တင်မြှောက်ခံရသူနှင့် ရွေးကောက်တင်မြှောက်ခြင်းမခံရသူ)၊ အစိုးရအေဂျင်စီများ၊ ကောင်တီ ဌာနများ၊ မြို့တော်များ၊ ကုန်သည်ကြီးများအသင်းနှင့် အသိုင်းအဝိုင်းတွင်းရှိ အခြားသက်ဆိုင်သူများ၏ စုစည်းပူးပေါင်းဆောင်ရွက်မှုကို လိုအပ်သည်။ ဤအဖွဲ့အစည်းများသည် မဲပေးခြင်းရွေးချယ်စရာများနှင့် အဓိကရွေးကောက်ပွဲအချက်အလက်များအကြောင်း သတိမူမိစေရန်နှင့် အသိပညာပေးရန် အတူတကွ ပူးပေါင်းလုပ်ဆောင်ပါသည်။

အခြားကောင်တီဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် RR/CC ၏ အများပြည်သူထံ ဆက်သွယ် ပညာပေးနိုင်မှုကို မြှင့်တင်ပေးပါသည်။ အောက်ပါကောင်တီအဖွဲ့အစည်းများသည် ယခင်က RR/CC ကို ကူညီပေးခဲ့ပါသည်။ မဲဆန္ဒရှင် ပညာပေးခြင်းနှင့် ကမ်းလင့်ထောက်ကူခြင်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများတွင် ကူညီပေးမည့် အဆိုပါအဖွဲ့အစည်းနမူနာများမှာ-

- အကဲဖြတ်သူ
- ကမ်းခြေများနှင့် ဆိပ်ကမ်းများ
- ကြီးကြပ်ရေးဘုတ်အဖွဲ့
- အလုပ်အမှုဆောင်အရာရှိရုံး
- စားသုံးသူနှင့် လုပ်ငန်းရေးရာ
- ကောင်တီတစ်ဝန်း ဆက်သွယ်ရေး
- ပန်းခြံများနှင့် အပန်းဖြေစခန်း
- ပြည်သူ့စာကြည့်တိုက်
- ပြည်သူ့လူမှုရေးဝန်ဆောင်မှုများ
- ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
- ဘဏ္ဍာရေးမှူးနှင့် အခွန်ကောက်ခံသူ
- လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေး၊ သက်ကြီးရွယ်အိုနှင့် အသိုင်းအဝိုင်း ဝန်ဆောင်မှုများ

**အသိုင်းအဝိုင်း လှုပ်ရှားဆောင်ရွက်မှုပွဲအစီအစဉ်များ**

CBO ဆက်ဆံရေးများအပြင် အခပေးမီဒီယာနှင့် လက်တွဲဆောင်ရွက်မှုများမှတစ်ဆင့် ကောင်တီတစ်ဝန်းတွင် ပွဲအစီအစဉ်များကို လက်ခံကျင်းပရန်နှင့် တွဲဖက်ပံ့ပိုးကူညီနိုင်ရန် အခွင့်အလမ်းသည် RR/CC အတွက် မဲပေးခြင်းပုံစံအသစ်နှင့်ပတ်သက်၍ အများပြည်သူထံ ဆက်သွယ်နိုင်သည့် တန်ဖိုးရှိသောလမ်းကြောင်းတစ်ခုကို ဖန်တီးပေးပါမည်။ RR/CC တွင် အဖွဲ့အစည်းများ၊ ပွဲအစီအစဉ် ညှိနှိုင်းဆောင်ရွက်သူ အမြောက်အမြားနှင့် ရေရှည်လက်တွဲလာသည့် ဆက်ဆံရေးများစွာ ရှိပြီး စည်းရုံးဝိုင်းများစီစဉ်ခြင်းနှင့် အများပြည်သူထံ ရွေးကောက်ပွဲနှင့် ပတ်သက်သော အကြောင်းအရာများ ပံ့ပိုးပေးခြင်းဖြင့် ရက်သတ္တပတ်များစွာကို ကုန်ဆုံးပါမည်။ ဇယား 2 တွင် RR/CC က ယခုနှစ်တွင် တက်ရောက်ခဲ့ပြီး 2022 တွင် တက်ရောက်ရန် စီစဉ်မည့် အဓိကပွဲအစီအစဉ်များကို အသားပေးဖော်ပြထားသည်။ ဤပွဲအစီအစဉ်များအပြင် RR/CC သည် အခြားအသိုင်းအဝိုင်းပွဲအစီအစဉ် ရာပေါင်းများစွာကို တက်ရောက်ခဲ့သည်။

ဇယား 2 အဓိက အသိုင်းအဝိုင်းပွဲစဉ်များ

| ရက်စွဲ | ပွဲအစီအစဉ် | မြို့ |
|---|---|---|
| **2022 ခုနှစ်၊ ဖေဖော်ဝါရီ 13 ရက်** | Bell 5K Resource Fair | Bell |
| **2022 ခုနှစ်၊ မတ်လ 4 ရက်** | Care Harbor Resource Event | Los Angeles |
| **2022 ခုနှစ်၊ မတ်လ 5 ရက်** | Care Harbor Resource Event | Los Angeles |
| **2022 ခုနှစ်၊ မတ်လ 11 ရက်** | Latina History Day | Los Angeles |
| **2022 ခုနှစ်၊ မတ်လ 15 ရက်** | Townhall Voter Registration | Dominguez Hills |
| **2022 ခုနှစ်၊ မတ်လ 16 ရက်** | East LA Job and Resource Fair | Los Angeles |
| **2022 ခုနှစ်၊ မတ်လ 16 ရက်** | Gabrielino HS College and Career Fair | San Gabriel |
| **2022 ခုနှစ်၊ မတ်လ 24 ရက်** | SOS Event | Domingue Hills |
| **2022 ခုနှစ်၊ မေလ 5 ရက်မှ 31 ရက်အထိ** | Pomona FairPlex | Pomona |

## 1-D ဝက်ဘ်ဆိုက် အချက်အလက်

**LAVOTE.GOV**

တရားဝင် RR/CC ဝက်ဘ်ဆိုက်ဖြစ်သည့် LAVOTE.GOV သည် ကောင်တီအတွင်းရှိ မဲပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်အားလုံးအတွက် အဓိကအရင်းအမြစ်နှင့် တည်နေရာဖြစ်သည်။ အဆိုပါဝက်ဘ်ဆိုက်ကို လာမည့်ရွေးကောက်ပွဲများ၊ မဲဆန္ဒရှင် စာရင်းသွင်းခြင်းဆိုင်ရာ အချက်အလက်၊ မဲပေးခြင်း ရွေးချယ်စရာများနှင့် မဲပေးမှုအတွေ့အကြုံကို မြှင့်တင်ရန် အွန်လိုင်းအရင်းအမြစ်များဆိုင်ရာ အရေးကြီးသောအချက်အလက်များဖြင့် အဆက်မပြတ် အပ်ဒိတ်လုပ်ပါသည်။

## 1-E ဘာသာစကား အကူအညီ

Los Angeles ကောင်တီသည် နိုင်ငံ၏ လူဦးရေအထူထပ်ဆုံး ဒေသတွင်း ရွေးကောက်ပွဲ တရားစီရင်ပိုင်ခွင့်နယ်မြေဖြစ်ရုံသာမက နိုင်ငံ၏ မတူကွဲပြားမှုအများဆုံးနယ်မြေများထဲမှ တစ်ခုဖြစ်သည်။ ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားမှုသည် ကောင်တီ၏ ထင်ရှားသော လက္ခဏာရပ်များထဲမှ တစ်ခုဖြစ်ပြီး အင်တိုက်အားတိုက် တက်တက်ကြွကြွရှိသော မဲဆန္ဒရှင်များကို ထွက်ပေါ်လာစေသည်။ ကျွန်ုပ်တို့၏ ဘာသာစကားအရ လူနည်းစုအသိုင်းအဝိုင်းများအတွက် ကန့်သတ်မထား၍ လူအားလုံးပါဝင်နိုင်သော လုပ်ငန်းစဉ်ကို အားပေးကူညီရန် RR/CC သည် ဘာသာပြန်ထားသော အကြောင်းအရာများနှင့် ကိုက်ညီသော ဘာသာစကားအထောက်အပံ့ကို ပံ့ပိုးပေးပါသည်။ ကောင်တီသည် လက်ရှိတွင် အင်္ဂလိပ်ဘာသာအပြင် အောက်ပါဘာသာစကားများဖြင့်လည်း မဲဆန္ဒရှင်များအား ဘာသာစကားအကူအညီကို ပံ့ပိုးပေးပါသည်-

- အာမေးနီးယန်း
- တရုတ်
- ကမ္ဘောဒီးယား/ခမာ
- ဖာစီ
- ကိုရီးယား
- စပိန်
- တဂါလော့/ဖိလစ်ပိုင်
- ဗီယက်နမ်
- ဟိန္ဒီ
- ဂျပန်
- ထိုင်း
- ရုရှား
- ဘင်္ဂါလီ*
- မြန်မာ*
- ဂူဂျာရာတီ*
- အင်ဒိုနီးရှား*
- မွန်ဂို*
- တယ်လဂူ*

*ဤဘာသာစကားများအတွက် ဝန်ဆောင်မှုများကို 2022 ခုနှစ်၊ ဇွန်လ 7 ရက်တွင် ကျင်းပသည့် ပြည်နယ်တစ်ဝန်း တိုက်ရိုက်အကြို ရွေးကောက်ပွဲတွင် စတင်၍ တိုးမြှင့်ဆောင်ရွက်သွားပါမည်။ VBM မဲပေးလွှာများ ပေးပို့ခြင်းနှင့် မဲပေးလွှာ အမှတ်အသားပြုသည့် စက်များတွင် ဤဘာသာစကားများကို ပေါင်းထည့်ခြင်းအပါအဝင်။*

ကောင်တီသည် ဖက်ဒရယ်နှင့် ပြည်နယ်အလိုက် ဘာသာစကားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် မဲဆန္ဒရှင်အားလုံးအတွက် မျှတသော၊ လက်လှမ်းမီနိုင်သော၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဝန်ဆောင်မှုများကို ပံ့ပိုးပေးရာတွင် ၎င်း၏ ရည်မှန်းချက်ကို ပြည့်မြောက်စေရန်အတွက် ၎င်း၏ ဘက်စုံချဉ်းကပ်မှုကို ဆက်လက်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုထားသည်။

**အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု အားနည်းသော (LEP) မဲဆန္ဒရှင်များကို သတ်မှတ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း**

လူတစ်ဦးက မဲပေးရန် စာရင်းသွင်းသည့်အခါ ၎င်းတို့သည် ဘာသာပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို အခြားဘာသာစကားဖြင့် တောင်းဆိုနိုင်သည်။ ဤတောင်းဆိုမှုကို ပြုလုပ်သော မဲဆန္ဒရှင်တိုင်းသည် ဘာသာပြန်ထားသော နမူနာမဲပေးလွှာနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာအားလုံးကို ၎င်းတို့ရွေးချယ်ထားသော ဘာသာစကားဖြင့် အလိုအလျောက် လက်ခံရရှိပါမည်။ RR/CC တွင် မဲစင်တာတည်နေရာများ၊ ဘာသာစကားနှစ်မျိုးရနိုင်သော မဲဆန္ဒရှင်စာရင်းသွင်းခြင်းကတ်များ၊ ဘာသာပြန်ထားသော VBM လျှောက်လွှာများနှင့် နမူနာ မဲပေးလွှာစာစောင်များဆိုင်ရာ ဘာသာပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများ သို့မဟုတ် အချက်အလက်များကို တောင်းဆိုရန် မဲဆန္ဒရှင်များအတွက် ဘာသာစကားမျိုးစုံ အကူအညီပေးသည့် ဟော့လိုင်းတစ်ခုလည်းရှိပါသည်။

RR/CC သည် လူဦးရေအချက်အလက်များနှင့် အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်း၊ အမေရိကန် လူမှုအသိုင်းအဝိုင်းစစ်တမ်း၊ မဲဆန္ဒရှင် မှတ်ပုံတင်လျှောက်လွှာများမှ အချက်အလက်များ အပါအဝင် အရင်းအမြစ်အများအပြားမှ ဘာသာစကားအကူအညီတောင်းဆိုချက်များနှင့် အသိုင်းအဝိုင်း အဖွဲ့များမှ ဘာသာစကား အကူအညီ တောင်းဆိုချက်များကို ပေါင်းစည်းပေးသည့် ဘက်စုံထောင့်စေ့သော ပစ်မှတ်ထားသည့် အချက်အလက်စနစ်ကို ရေးဆွဲထားသည်။ ဤအချက်အလက်များမှ ဘာသာစကား အကူအညီလိုအပ်ချက်များပေါ် အခြေခံ၍ မဲစင်တာများတွင် ဘာသာစကား တစ်မျိုးထက်ပို၍ ကျွမ်းကျင်သည့် ဝန်ထမ်းများကို ဦးစားပေးရန် အစီရင်ခံစာကို ထုတ်ပေးသည်။ ရှိထားပြီးသော အချက်အလက်များကို အခြေခံ၍ စပိန်စကားတတ်သည့် ရွေးကောက်ပွဲ ဝန်ထမ်းများကို မဲစင်တာတိုင်း၌ နေရာချထားပါမည်။

**LEP အသိုင်းအဝိုင်းများကို မဲစင်တာများနှင့် ပတ်သက်၍ ပညာပေးခြင်းနှင့် ၎င်းတို့နှင့် ဆက်သွယ်ပြောဆိုခြင်း**

2017 ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် RR/CC ၏ ဘာသာစကား နားလည်နိုင်မှု အကြံပေးကော်မတီ (LAAC) သည် LEP အသိုင်းအဝိုင်းအား လာမည့် ရွေးကောက်ပွဲများနှင့် ၎င်းတို့၏ မဲပေးခွင့်ဆိုင်ရာ ရွေးချယ်စရာများအကြောင်းနှင့်ပတ်သက်၍ ပညာပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍ၌ ပါဝင်သည်။ LAAC အဖွဲ့ဝင်များသည် အသိုင်းအဝိုင်းအတွင်း ပွဲအစီအစဉ်များကို အစီအစဉ်မှုအဖြစ်ကျင်းပပေးခြင်းနှင့် ဘာသာပြန်ဆိုထားသော အချက်အလက်များကို ၎င်းတို့၏ အသိုင်းအဝိုင်းများအတွင်း ဖြန့်ချိပေးခြင်းဖြင့် ကူညီပေးပါသည်။ LAAC အဖွဲ့ အစည်းများတွင် ပါဝင်သော အဖွဲ့အစည်းအချို့မှာ -

- Asian Americans Advancing Justice
- California Common Cause
- Center for Asian Americans United for Self Empowerment (CAUSE)
- Korean American Coalition

- League of Women Voters (LWV), Los Angeles
- NALEO Educational Fund
- National Iranian American Council
- Pars Equality Center
- South Asian Network (SAN)
- United Cerebral Palsy of Los Angeles

RR/CC သည် ကိစ္စရပ်များကို ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်၊ ဘာသာစကားဝန်ဆောင်မှုများကို တိုးချဲ့၍ အဆင့်မြှင့်တင်ရန်အပြင် LEP အသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်သွယ်ရန် LAAC နှင့် သုံးလတစ်ကြိမ် တွေ့ဆုံပါသည်။ ကော်မတီ အစည်းအဝေးများကို ဘယ်လို တက်နိုင်မလဲ၊ ပါဝင်နိုင်မလဲ နှင့်/သို့မဟုတ် ပူးပေါင်းဆောင်ရွက်နိုင်သည့်အကြောင်း နောက်ထပ်အချက်အလက်များကို LAVOTE.GOV တွင် တွေ့ရှိနိုင်ပါသည်။

## 1-F ပါဝင်မဲပေးနိုင်မှု အကူအညီ

RR/CC သည် မသန်စွမ်းသူများ ရွေးကောက်ပွဲတွင် အပြည့်အဝ ပါဝင်မဲပေးနိုင်ကြောင်း သေချာစေရန် ကြိုးစားဆောင်ရွက်သည့်အပြင် အလွယ်တကူ မဲပေးနိုင်သော မဲစင်တာများကို စစ်တမ်းကောက်ခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် အရေးပါသောအဆင့်များကို ဆက်လက်လုပ်ဆောင်သွားပါမည်။

မသန်စွမ်းမှုများရှိသောမဲပေးသူများနှင့် နီးသော နေရာများတွင် လက်လှမ်းမီသည့် မဲစင်တာများ တည်ရှိကြောင်း သေချာအောင် လုပ်ဆောင်ခြင်းဖြင့် မဲပေးသူအားလုံး မဲစင်တာကို အသုံးပြုနိုင်စေရန် နေရာချစီစဉ်ထားသည်။ မဲစင်တာများအား အကဲဖြတ်မှုတွင် မဲစင်တာအဖြစ် ဆောင်ရွက်မည်ဟု ယူဆရသော အဆောက်အအုံများသည် အခြားစံသတ်မှတ်ချက်များအပြင် အလွယ်တကူ ဝင်ရောက်နိုင်သော ကားရပ်နားရန်နေရာ သတ်မှတ်ချက်များနှင့်လည်း ကိုက်ညီရန်လိုသည်။ RR/CC သည် ၎င်း၏ အသိုင်းအဝိုင်းအတွင်း မဲဆန္ဒရှင် ကမ်းလင့်ထောက်ကူမှု ကော်မတီ (CVOC) နှင့် ၎င်း၏ မဲပေးနိုင်ခွင့်ရှိရေး အကြံပေးကော်မတီ (VAAC) တို့မှတစ်ဆင့် အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ အလွယ်တကူ အသုံးပြုနိုင်ရန်နှင့် ပါဝင်နိုင်မှုတို့ကို တိုးမြှင့်ပေးသည့် ဆန်းသစ်သော နည်းဗျူဟာများကို အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် RR/CC အား ကူညီပေးရန် ကောင်တီ၏ VAAC ကို 2006 ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ VAAC သည် ရွေးကောက်ပွဲမတိုင်ခင်နှင့် ရွေးကောက်ပွဲနောက်ပိုင်း လှုပ်ရှားဆောင်ရွက်မှုများတွင် RR/CC အား ကူညီထောက်ပံ့ရေးတွင် အရေးကြီးကဏ္ဍ၌ ပါဝင်ထားသည်။

VAAC နှင့်တွဲဖက်၍ RR/CC သည် မတူညီသော မသန်စွမ်းမှုပုံစံများရှိသည့် မဲဆန္ဒရှင်များနှင့် အပြန်အလှန်ပြောဆိုဆက်ဆံရမည့်ပုံစံနှင့် ပတ်သက်၍ ရွေးကောက်ပွဲဝန်ထမ်းများအား ပညာပေးရန် ရွေးကောက်ပွဲဝန်ထမ်းများအတွက် မသန်စွမ်းမှုဆိုင်ရာ အသိမြှင့်တင်ရေး လေ့ကျင့်ပေးမှု ဗီဒီယိုကို ထုတ်ဝေခဲ့ပါသည်။ ဤဗီဒီယိုကို ရွေးကောက်ပွဲဝန်ထမ်း လေ့ကျင့်ရေး သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းထားပြီး အသိုင်းအဝိုင်းအုပ်စုများက မသန်စွမ်းမဲဆန္ဒရှင်များအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများအကြောင်း ၎င်းတို့၏မဲဆန္ဒရှင်များအား အသိပေးရန်လည်း အသုံးချနိုင်ပါသည်။

## လက်လှမ်းမီမှုကို ထောက်ခံအားပေးသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

RR/CC ၏ မဲပေးနိုင်ခွင့်ရှိရေး အကြံပေးကော်မတီ (VAAC) ကို 2006 ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၎င်းသည် မဲပေးသူများ ပိုမိုလက်လှမ်းမီနိုင်စေရန်အတွက် specified အမျိုးမျိုးသော အစီအစဉ်များ၊ လုပ်ငန်းစဉ်များ၊ ဝန်ဆောင်မှုများနှင့် ပစ္စည်းကိရိယာများအကြောင်း မဲပေးသူများထံ အသိပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ VAAC အဖွဲ့ဝင်များသည် မသန်စွမ်းမှုများရှိသောမဲပေးသူများနှင့် ချိတ်ဆက်၍ ဘာသာပြန်ဆိုထားသော အကြောင်းအရာများကို ၎င်းတို့၏ အသိုင်းအဝိုင်းတွင်း ဖြန့်ဝေပေးရာတွင် RR/CC နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိုင်းအဝိုင်းပွဲများကို အစီအစဉ်မှူးအဖြစ် ကျင်းပပေးခြင်းဖြင့် ပံ့ပိုးကူညီသည်။ VAAC တွင် ပါဝင်သည့် အဖွဲ့အစည်းအချို့မှာ-

- စွမ်းရည် ဦးစားပေး
- CA မျက်မမြင် ကောင်စီ
- CALIF လွတ်လပ်သော နေထိုင်မှု စင်တာများ
- California မသန်စွမ်းသူ အခွင့်အရေးများ
- ဒေသတွင်း စင်တာများ
- ဦးနှောက်အကြောသေရောဂါ Los Angeles အသင်း
- USC မသန်စွမ်းသူ ပညာသင်ကြားရေးနှင့် အသိုင်းအဝိုင်း အားလုံးပါဝင်မှု စင်တာ

RR/CC သည် VAAC နှင့် ပူးပေါင်း၍ မဲပေးခြင်း လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ရရှိနိုင်သော လက်လှမ်းမီမှုဆိုင်ရာ အကူအညီကို အသိုင်းအဝိုင်းအား အသိပေးရန် ဆက်လက်ဆောင်ရွက်ပါမည်။ RR/CC သည် ကိစ္စရပ်များကို ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်၊ လက်လှမ်းမီမှု ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရန်နှင့် မသန်စွမ်းမှုများရှိသောမဲပေးသူများနှင့် ထိတွေ့ဆက်သွယ်ရန် VAAC နှင့် သုံးလတစ်ကြိမ် တွေ့ဆုံပါသည်။ ကော်မတီ အစည်းအဝေးများကို ဘယ်လို တက်နိုင်မလဲ၊ ပါဝင်နိုင်မလဲ နှင့်/သို့မဟုတ် ပူးပေါင်းဆောင်ရွက်နိုင်သည့်အကြောင်း နောက်ထပ်အချက်အလက်များကို LAVOTE.GOV တွင် တွေ့ရှိနိုင်ပါသည်။

### သုံးစွဲနိုင်သော ဝန်ဆောင်မှုများ– ISB၊ RAVBM၊ VBM နှင့် BMD

ကောင်တီ၏ ISB၊ RAVBM၊ VBM နှင့် BMD တို့သည် မသန်စွမ်းမဲဆန္ဒရှင်များ ပို၍အဆင်ပြေပြေ သုံးစွဲနိုင်စေမည့် ကိရိယာများဖြစ်သည်။ ဤကိရိယာအားလုံးကို VSAP ဖြေရှင်းနည်း၏ အဓိကျသော အစိတ်အပိုင်းများအဖြစ် စီစဉ်အကောင်အထည်ဖော်ထားသည်။ အဆိုပါကိရိယာများကို မဲပေးသူများ၊ ရွေးကောက်ပွဲ ဝန်ထမ်းဆိုင်ရာ အသိုင်းအဝိုင်း အဖွဲ့အစည်းများ၊ ဒေသတွင်း ရွေးကောက်ပွဲ အရာရှိများနှင့် နည်းပညာ၊ လက်လှမ်းမီမှုနှင့် လုံခြုံရေးကဲ့သို့ နယ်ပယ်များရှိ ကျွမ်းကျင်သူများ ပါဝင်သည့် ပူးပေါင်းဆောင်ရွက်သော၊ လူသားဗဟိုပြု ဒီဇိုင်းလုပ်ငန်းစဉ်ကို အသုံးပြု၍ စီစဉ်အကောင်အထည်ဖော်ထားသည်။ လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်

ကိရိယာများကို အသုံးပြုရလွယ်ပြီး လက်လှမ်းမီမှုရှိကြောင်း သေချာစေရန် သုံးစွဲသူ စစ်ဆေးမှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။ ဤကိရိယာများကို အဓိကကျသည့် အခြေခံမှု 14 ရပ်ကို နှလုံးသွင်း၍ ဖော်ဆောင်ခဲ့သည်။ ယင်းအခြေခံမှုများမှာ-

1. ပွင့်လင်းမြင်သာမှု
2. မဲပေးနည်းလမ်းများ ပံ့ပိုးပေးနိုင်မှု
3. ကိုယ်ရေးလုံခြုံမှု
4. အသုံးပြုရ လွယ်ကူပြီး လက်လှမ်းမီမှု
5. ယုံကြည်မှု
6. သမာသမတ်ကျမှု
7. လုံခြုံရေး
8. ကုန်ကျစရိတ် ထိရောက်မှု
9. တိုင်းတာနိုင်မှု
10. လိုက်လျောညီထွေဖြစ်မှု
11. အလွယ်တကူ တပ်ဆင်နိုင်ခြင်း
12. စွမ်းအင်အနည်းဆုံး
13. ပရိဂရမ်ထည့်သွင်းရ အနည်းဆုံး
14. ရွှေ့ပြောင်းသယ်ဆောင်နိုင်မှု

ISB ကို RR/CC ၏ ဝက်ဘ်ဆိုက်တွင် တည်ရှိသော ဝက်ဘ်အခြေပြု အပလီကေးရှင်းမှတစ်ဆင့် ဝင်ရောက်သုံးစွဲနိုင်ပါသည်။ ISB ကို ဘာသာစကား 19 မျိုးဖြင့် ရရှိနိုင်ပြီး အထောက်အကူပြု နည်းပညာကို သုံး၍ ဝင်ရောက်သုံးစွဲနိုင်ကာ အလွယ်တကူ အသုံးပြု၍ နားလည်နိုင်ရန် စီစဉ်ဖန်တီးထားသည်။ ISB သည် သုံးစွဲသူများအား ၎င်းတို့၏ နမူနာ မဲပေးလွှာကို အမှတ်အသားပြုနိုင်စေပြီး မိုဘိုင်းစက်ပေါ်တွင် ပုံနှိပ် သို့မဟုတ် ဒေါင်းလုဒ်လုပ်၍ရသော မဲပေးခွင့်ကတ်ကို ဖန်တီးနိုင်စေသည်။ မဲပေးခွင့်ကတ်သည် မဲဆန္ဒရှင်အား မိမိ၏ နမူနာ မဲပေးလွှာရှိ ရွေးချယ်ထားသည်များကို BMD သို့ မြန်ဆန်စွာလွှဲပြောင်းခွင့်၊ ရွေးချယ်ထားသည်များကို အတည်ပြု သို့မဟုတ် ပြုပြင်ခွင့်နှင့် မဲပေးသည့်လုပ်ငန်းစဉ်ကို အပြီးသတ်ခွင့် ပေးခြင်းဖြင့် မဲစင်တာ၌ မဲပေးသည့်အခါ မြန်မြန် ပြီးမြောက်စေသည်။

BMD အားလုံးတွင် မဲဆန္ဒရှင်များအား မိမိ၏ စွမ်းဆောင်ရည်များအလိုက် အဆင်ပြေအောင်သတ်မှတ်နိုင်စေသည့် လုပ်ဆောင်ချက်များစွာ ပါရှိသည်။ BMD တိုင်းတွင် ဝှီးချဲသုံးသော သို့မဟုတ် ချိုင်းထောက်သုံးသော မဲဆန္ဒရှင်များအား နေရာထိုင်ခင်းပေးရန် နေရာအလုံအလောက်ရှိသည်။ ထိုင်သည်ဖြစ်စေ၊ ထသည်ဖြစ်စေ မဲဆန္ဒရှင်များအတွက် ညှိယူနိုင်သည့် တက်ချ်စခရင်လည်း ရှိသည်။ တက်ချ်စခရင် မသုံးတတ်သည့် သို့မဟုတ် သုံးစွဲရန် အခက်အခဲရှိသည့် သူများအတွက် BMD တွင် မဲပေးလွှာသို့ သွားရန်နှင့် ရွေးချယ်မှုများပြုလုပ်ရန် ခလုတ်များပါသည့် ထိနှိပ်နိုင်သည့် ကီးပတ်ပါရှိသည်။ မဲဆန္ဒရှင်သည် ကြည့်ရှုရလွယ်ကူစေရန်အတွက် BMD ဖန်သားပြင်၏ စာလုံးအရွယ်အစား၊ အရောင်နှင့် အလင်းအမှောင်တို့ကိုလည်း ချိန်ညှိနိုင်သေးသည်။ BMD တိုင်းတွင် နားကြပ်တပ်ဆင်ပါရှိသဖြင့် မဲဆန္ဒရှင်များအနေဖြင့် မဲပေးလွှာ ယှဉ်ပြိုင်ပွဲများနှင့် ရွေးချယ်မှုများကို နားဆင်ခွင့်ရရှိစေသည်။ အသံမြန်နှုန်းနှင့် အတိုးအကျယ်တို့ကို မဲဆန္ဒရှင်က ညှိနိုင်သည်။ ထို့အပြင် 2022 တွင် BMD သည် အသံနှင့် တက်ချ်စခရင် နှစ်ခုလုံးကို ဘာသာစကားအမျိုး 20 ဖြင့် သုံးနိုင်ရန် ပြုလုပ်ပေးထားသည်။

ကောင်တီ၏ VBM မဲလက်မှတ်နှင့် စာအိတ်များကို အသုံးပြုရလွယ်ကူစေရန် ဖန်တီးထားသကဲ့သို့ RR/CC သည် RAVBM ကိုလည်း စီစဉ်ပေးထားသည်။ ဤနည်းလမ်းကိုအသုံးပြုကာ မဲဆန္ဒရှင်သည် မိမိ၏ မဲလက်မှတ်ကို စခရင်ပေါ်တွင် ဖတ်ရှုနိုင်သည့်ပုံစံဖြင့်ကြည့်ရန် RR/CC ၏ ဝက်ဘ်ဆိုက်ရှိ ဝက်ဘ်အခြေပြု အပလီကေးရှင်းကို ဝင်ရောက်သုံးစွဲနိုင်သည်။ မဲဆန္ဒရှင်များသည် ၎င်းတို့

ရွေးချယ်ထားသည်များကို ဖတ်ရန်နှင့် အမှန်ခြစ်ရန် အထောက်အကူပြုနည်းပညာများ/စက်များကို အသုံးပြုနိုင်သည်။ ထို့နောက် မဲဆန္ဒရှင်သည် မိမိ၏ မဲပေးလွှာကို ပုံနှိပ်ပြီး RR/CC ထံ စာတိုက်မှတစ်ဆင့် ပေးပို့ရမည် သို့မဟုတ် မဲစင်တာတွင်ဖြစ်စေ၊ မဲပေးလွှာထည့်ရန်ပုံးတွင်ဖြစ်စေ ထည့်ရမည်။

လူကိုယ်တိုင်နှင့် VBM ရွေးချယ်စရာများ နှစ်ခုစလုံးသည် မဲဆန္ဒရှင်အားလုံးအတွက် လွတ်လပ်သော၊ သီးသန့်ဖြစ်ပြီး ယုံကြည်စိတ်ချရသော မဲပေးမှုအတွေ့အကြုံကို ရရှိစေသည်။

## အပိုင်း 2 – မဲစင်တာများနှင့် မဲပေးလွှာထည့်ရန် ပုံးတည်နေရာများ

VCA သည် ကောင်တီအနေဖြင့် အဆင်ပြေပြီး လုံခြုံစိတ်ချရသော၊ အလွယ်တကူ အသုံးပြုနိုင်သော မဲစင်တာများနှင့် မဲပုံးများကို ကောင်တီတစ်ဝှမ်း သတ်မှတ်ထားရှိပေးရန် လိုအပ်သည်။ ၎င်းသည် တည်နေရာ ရွေးချယ်မှု၊ ရက် အရေအတွက်နှင့် ထိုတည်နေရာများတွင် ဖွင့်ချိန်နာရီများတွင် အနိမ့်ဆုံး စံနှုန်းကို သတ်မှတ်ပေးသည်။ ကောင်တီသည် Los Angeles ကောင်တီ မဲပေးသူများအတွက် အကိုက်ညီဆုံး တည်နေရာများကို ဖော်ထုတ်ရန် သုတေသနနှင့် လေ့လာဆန်းစစ်မှုတို့ကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ပြီး တည်နေရာအချက်အလက်များကို မဲပေးသူများ သိရှိနိုင်စေရန် ဘက်စုံ ကမ်းလင့်ထောက်ကူမှု ကမ်ပိန်းကို စတင်လုပ်ဆောင်သည်။ မဲစင်တာနှင့် မဲပုံး တည်နေရာများကို ရွေးကောက်ပွဲ မကျင်းပမီတိုင်း LAVOTE.GOV တွင် ရရှိနိုင်သည်။ တည်နေရာအချက်အလက်များကို အမျိုးမျိုးသော စာပို့သူများမှတစ်ဆင့်လည်း မဲပေးသူများထံ မျှဝေပေးသည်။

### 2-A မဲစင်တာများ

#### မဲစင်တာ နေရာချထားမှု

အသင့်လျော်ဆုံးသော မဲစင်တာနေရာများကို ဆုံးဖြတ်သည့်အခါ လူသားတို့၏ အမူအကျင့်များနှင့် ပုံစံများကို ကြိုတင်ခန့်မှန်းလျက် တစ်ဖက်တွင်လည်း ပြည်နယ်နှင့် ဒေသတွင်း သတ်မှတ်ချက်များကို ဒေသတွင်း နေရာအကျယ်အဝန်း၊ လူမှုစီးပွားအခြေအနေများနှင့်ပေါင်းစည်းကာ အချက်အလက်များကို ဦးစားပေးသော အားထားရသည့် ခိုင်မာသောလုပ်ငန်းစဉ်ကို လိုအပ်သည်။ RR/CC သည် အနိမ့်ဆုံး VCA စံနှုန်းထက် ကျော်လွန်သော စံပြမဲစင်တာနေရာများကို ၎င်း၏အသိုင်းအဝိုင်းများအတွက် ဖော်ထုတ်ရန် ဘက်စုံနည်းဗျူဟာကို အသုံးချသည်။

RR/CC သည် စံပြမဲစင်တာနေရာကို ဆုံးဖြတ်သည့်အခါ အောက်ပါ စံနှုန်း 14 ချက်ကို ပေါင်းစည်းသည်-

1. ပထဝီဝင်အနေအထားအရ သီးခြားကွဲထွက်နေသော အသိုင်းအဝိုင်းများ
2. ဝင်ငွေနည်းသော အသိုင်းအဝိုင်းများ
3. အင်္ဂလိပ်စကားပြောတတ်မြောက်မှု အားနည်းသူနှင့် ဘာသာစကား လူနည်းစု အသိုင်းအဝိုင်းများ
4. ယာဉ်ပိုင်ဆိုင်မှုနည်းသော အသိုင်းအဝိုင်းများ
5. မဲဆန္ဒရှင် နေထိုင်ရာရပ်ကွက်ရှိ လူဦးရေစင်တာများ
6. အလုပ်အကိုင် စင်တာများနှင့် နီးစပ်မှု
7. မသန်စွမ်းမဲဆန္ဒရှင်များ

8. မှတ်ပုံတင်မထားသော မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်များ
9. VBM အသုံးပြုမှု နည်းပါးသူ
10. မဲပေးမည့်အလားအလာမြင့်မားသော စာရင်းပေးထားသည့် မဲဆန္ဒရှင်များ
11. ယခုမှ စာရင်းပေးသည့် မဲဆန္ဒရှင်များ
12. ခရီးအကူးအပြောင်းတွင် အသုံးပြုခွင့်
13. လမ်းပိတ်ခြင်း/လမ်းကြပ်ခြင်းနှင့် အလားတူပုံစံများ
14. အများပြည်သူ သုံးစွဲနိုင်သော ကားရပ်နားရန်နေရာ

**Los Angeles ကောင်တီအတွက် အဆောက်အဦး အကဲဖြတ်မှု**

VCA သည် ဇွန်လ 7 ရက်၊ 2022 ခုနှစ် ပြည်နယ်အနှံ့ တိုက်ရိုက် အကြို ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲနေ့မတိုင်မီ 10 ရက်ကြို၍ မဲစင်တာ 114 ခုခန့်ဖွင့်ရန် လိုအပ်သော်လည်း RR/CC ၏ ရည်မှန်းချက်မှာ မဲစင်တာ 120 ထားရန် ဖြစ်သည်။ ထို့အပြင် ရွေးကောက်ပွဲမတိုင်မီ သုံးရက်နှင့် ရွေးကောက်ပွဲနေ့အပါအဝင် VCA သည် ကောင်တီတွင် မဲစင်တာ အနည်းဆုံး 568 ခုဖွင့်ရန်လိုသော်လည်း RR/CC ၏ ရည်မှန်းချက်မှာ 640 ရုံထားရန် ဖြစ်သည်။

မဲစင်တာများကို အပြီးသတ်အတည်ပြုရန် RR/CC သည် လူတိုင်းအသုံးပြုနိုင်သည့်နေရာဖြစ်ကြောင်း၊ သင့်လျော်သော ပါဝါနှင့် ကွန်ရက်ချိတ်ဆက်နိုင်စွမ်းရှိကြောင်း သေချာစေရန် အလားအလာရှိသောနေရာအသီးသီးအပေါ် ဘက်စုံစစ်တမ်းများ ကောက်ယူခဲ့သည်။ စစ်တမ်းများကောက်ယူပြီးနောက် RR/CC သည် နေ့စွဲ၊ အချိန်နှင့် မဲစင်တာတစ်ခုစီအတွင်း အခန်းနေရာချထားမှုများကို ဖော်ပြထားသည့် လက်မှတ်ထိုးထားသော အဆောက်အဦးအသုံးပြုမှု သဘောတူညီချက်များပြုလုပ်ကာ မဲစင်တာကိစ္စကိုအပြီးသတ်၍ ရှေ့ဆက်လုပ်ဆောင်ပါမည်။

**မဲစင်တာများ ဖွင့်ချိန်**

မဲစင်တာများကို ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်၍ ထပ်ဆောင်း 10 ရက်ကြာ ဖွင့်ပေးထားမည်ဖြစ်သောကြောင့် မဲဆန္ဒရှင်များသည် စနေ/တနင်္ဂနွေ နှစ်ပတ်တာ မည်သည့်မဲစင်တာနေရာ၌မဆို မဲပေးခွင့်ရရှိစေသည်။ မဲစင်တာများကို မဲပေးကာလ ပထမဆုံး 10 ရက်အတွင်း တစ်ရက်လျှင် အနည်းဆုံး 9 နာရီဖွင့်ထားမည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့တွင် မနက် 7 နာရီမှ ည 8 နာရီအထိ ဖွင့်ပေးပါမည်။

### 2-B မဲပေးလွှာထည့်ရန်ပုံးများ

မဲပေးလွှာထည့်ရန်ပုံးကို ထားရှိပေးသည့် နေရာများသည် မဲဆန္ဒရှင်များ၊ အထူးသဖြင့် ကျေးရွာဒေသများတွင် နေထိုင်သူများ၊ မကြာခဏခရီးသွားသူများနှင့် ကောင်တီနယ်နိမိတ်ပြင်ပတွင် အလုပ်လုပ်ကိုင်သူများ ဝင်ရောက်မဲပေးလာနိုင်ခြေ ပိုများလာအောင် ပံ့ပိုးပေးနိုင်ရန် အရေးကြီးသည်။ VCA အရ မဲပုံးများသည် လုံခြုံစိတ်ချရမည်၊ လာရောက်ထည့်ရန်လွယ်ကူပြီး တတ်နိုင်သမျှ အများသုံးယာဉ်များ ဖြတ်သန်းသွားလာနေသည့် လမ်းကြောင်းများအနီးတွင် ရှိရမည်ဖြစ်ပြီး သော့ခတ်ထားရမည်။ မဲပုံးများကို ရွေးကောက်ပွဲနေ့အပါအဝင် ရွေးကောက်ပွဲနေ့မတိုင်မီ အနည်းဆုံး 29 ရက်ကြိုတင်၍ ပုံမှန်ရုံးချိန်များအတွင်း ဖွင့်ထားရမည်။ ထို့အပြင် လာရောက်ထည့်နိုင်သော၊ လုံခြုံစိတ်ချရသော၊ ပုံမှန်ရုံးချိန်များအပါအဝင် တစ်ရက်လျှင် အနည်းဆုံး 12 နာရီ ရှိနေသော မဲပုံး အနည်းဆုံး တစ်ပုံးရှိရမည်။

မဲပုံးကို ထားရှိသည့်နေရာများကို အကြံပြုရာတွင် VCA စံနှုန်းများနှင့် ပထဝီဝင်အနေအထား ဖြန့်ကျက်မှုကို အခြေခံ၍ ဆုံးဖြတ်သည်။ VCA အရ ကောင်တီသည် ဇွန်လ 7 ရက်နေ့၊ 2022 ခုနှစ်၊ ပြည်နယ်အနှံ့ တိုက်ရိုက်အကြိုရွေးကောက်ပွဲအတွက် မဲပုံး အနည်းဆုံး 379 ပုံး ထားရှိရန်လိုအပ်သည်။ RR/CC သည် လက်ရှိတွင် ကောင်တီအနှံ့ 24 နာရီ မဲပုံး 380 ပုံး ထားရှိပေးထားသည်။ ယခင်ကောင်တီအနှံ့ ရွေးကောက်ပွဲများအတိုင်း ဖြစ်စေရန် ဇွန်လ 7 ရက်၊ 2022 ခုနှစ်၊ ပြည်နယ်အနှံ့ တိုက်ရိုက်အကြိုရွေးကောက်ပွဲ မတိုင်မီ စုစုပေါင်း မဲပုံး 400 ပုံးဖြစ်စေရန် နောက်ထပ် မဲပုံး 20 ကို ထားရှိပေးသွားပါမည်။ မဲပုံးများ ထပ်မံ ထားရှိပေးမည့်နေရာများအတွက် အပိုင်း 2-B တွင် ရည်ညွှန်းထားသည့် မဲစင်တာလုပ်ငန်းစဉ်နှင့် အလားတူစွာ နောက်ထပ်အကဲဖြတ်မှုများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မဲစင်တာအားလုံးသည် မဲလက်မှတ်ထည့်ရန်နေရာများလည်း ဖြစ်သည်။

## အပိုင်း 3 – မဲစင်တာ ဖွဲ့စည်းပုံ၊ ပစ္စည်းကိရိယာများနှင့် ဝန်ထမ်းများ

### 3-A ဝန်ထမ်း ထောက်ပံ့ပို့ဆောင်ရေးနှင့် ဘာသာစကားမျိုးစုံ ဝန်ဆောင်မှုများ

ကောင်တီတစ်ဝန်း ပါဝင်မဲပေးမှုအဆင့် အမျိုးမျိုးကို လက်ခံနိုင်စေရန် Los Angeles ကောင်တီ၏ မဲစင်တာပုံစံကို ရေးဆွဲထားပါသည်။ ကောင်တီသည် ခန့်မှန်းခြေအားဖြင့် အသေး၊ အလတ်နှင့် အကြီး (ဇယား 3 ကို ကြည့်ပါ) ဟူ၍ အရွယ်အစား သုံးမျိုးခွဲကာ မဲစင်တာများကို နေရာချသွားပါမည်။ မဲပေးကာလအတွင်း မဲစင်တာအရွယ်အစားနှင့် မဲစင်တာဖွင့်ရက်အရေအတွက်ပေါ် မူတည်ပြီး မဲစင်တာတစ်ခုလျှင် ရွေးကောက်ပွဲလုပ်သား 5 ယောက်မှ 27 ယောက်အတွင်းရှိပါမည်။ ဘာသာစကားလိုအပ်ချက်များကို ဖြည့်ဆည်းရန် မဲစင်တာတွင် သို့မဟုတ် မဲစင်တာအနီးတွင် ဘာသာစကားနှစ်မျိုးတတ်သူ ရှစ် (8) ဦးအထိ တာဝန်ချထားနိုင်ပါသည်။

| ဇယား 3. မဲစင်တာ အရွယ်အစား သတ်မှတ်စံနှုန်းများ | | |
|---|---|---|
| **မဲစင်တာအရွယ်အစား** | **လိုအပ်သည့် စတုရန်းပေအရွယ်** | **BMD များကို ပံ့ပိုးသည်** |
| **အသေး** | 1,775 – 3,274 | **15 - 20** |
| **အလတ်** | 3,275 – 4,499 | **25-30** |
| **အကြီး** | **>4,500** | **35-45** |

အောက်ပါတို့သည် မဲစင်တာ၌ RR/CC က သတ်မှတ်ထားသော ရွေးကောက်ပွဲလုပ်သား ရာထူးများဖြစ်သည်-

- **ခေါင်းဆောင်** – မဲစင်တာဖွင့်ခြင်းနှင့် ပိတ်ခြင်း၊ မေးခွန်းများ/ပြဿနာများကို ဖြေရှင်းပေးခြင်းအပြင် စာရင်းသွင်းစင်တာများ (CIC) သို့ နေ့စဉ် မဲပေးလွှာများ ပေးပို့ခြင်းတို့ အပါအဝင် မဲစင်တာရှိ လုပ်ရှားဆောင်ရွက်မှုအားလုံးကို ကြီးကြပ်ရသည်။
- **လက်ထောက်ခေါင်းဆောင်** – ခေါင်းဆောင်၏တာဝန်အားလုံးကို ကူညီပေးပြီး ခေါင်းဆောင်မရှိလျှင် ခေါင်းဆောင်နေရာကို တာဝန်ယူပေးရသည်။
- **လူတန်းစောင့်ကြည့်သူ** – မဲဆန္ဒရှင်များကို နှုတ်ဆက်သည်၊ အထွေထွေ မေးခွန်းများကို ဖြေပေးပြီး ၎င်းတို့အား သင့်တော်သောရုံး (ဥပမာ- စာရင်းသွင်း စာရေး၊ VBM စာရေးစသည်) သို့ လမ်းညွှန်ပေးသည်။ ISB လုပ်ငန်းစဉ်သို့ မဲဆန္ဒရှင်များအား ကူညီခြင်းနှင့် လမ်းညွှန်ခြင်းအပြင် BMD အသုံးပြုပုံနှင့် ပတ်သက်၍ ညွှန်ကြားချက်များ ပံ့ပိုးပေးခြင်းဖြင့် လူတန်းကို အပြည့်အဝ ထိန်းသိမ်းထားသည်။ လူတန်းရှည်နေလျှင်ဖြစ်စေ၊ စောင့်ဆိုင်းချိန်ကြာနေလျှင်ဖြစ်စေ မဲဆန္ဒရှင်များအတွက် ရွေးချယ်စရာတစ်ခုအနေဖြင့် အနီးရှိမဲစင်တာများကို စာရင်းပြုစုထားသည့် လက်ကမ်းစာစောင်ကို အသင့်ရရှိနိုင်ပါမည်။
- **ရပ်နားနေရာစောင့်ကြည့် စာရေး** – မဲဆန္ဒရှင်များအား COVID-19 လမ်းညွှန်ချက်များကို ညွှန်ကြားပြီး မဲစင်တာသို့ မဝင်ရောက်မီ လမ်းညွှန်ချက်အားလုံးနှင့် ကိုက်ညီကြောင်း သေချာအောင် စစ်ဆေးဆောင်ရွက်သည်။
- **စာရင်းသွင်း စာရေး** – မဲဆန္ဒရှင်များကို စာရင်းသွင်းပေးကာ ၎င်းတို့အား မဲပေးလွှာများပံ့ပိုးပြီး မဲပေးရန်နေရာသို့ လမ်းညွှန်ပေးသည်။
- **မဲပေးရန်နေရာ စောင့်ကြည့်သူ** – မဲဆန္ဒရှင်များအား ရရှိနိုင်သော BMD များသို့ လမ်းညွှန်ပေးသည်၊ အခြေခံ BMD မေးခွန်းများ/ပြဿနာများကို ဖြေရှင်းပေးပြီး လိုအပ်လျှင် လူတန်းစောင့်ကြည့်သူကို ကူညီပေးသည်။
- **ကွင်းဆင်းပံ့ပိုးရေး နည်းပညာရှင်များ** – မဲစင်တာရှိ ပစ္စည်းကိရိယာ ပြဿနာများကို ဖြေရှင်းပေးသည် (ဥပမာ- BMD များ၊ ePollBook များ၊ Routers စသည်)။ ရွေးကောက်ပွဲ ပစ္စည်းကိရိယာအားလုံးအတွက် ထိန်းသိမ်းစောင့်ရှောက်မှု အဆင့်ဆင့်ကို ကူညီပေးပြီး စောင့်ဆိုင်းချိန်၊ မဲပေးလွှာလက်ကျန်နှင့် ဖြစ်ရပ်များကို RR/CC ၏ စနစ်များထဲတွင် မှတ်တမ်းတင်ပေးသည်။
- **ယာယီ/VBM စာရေး** – ယာယီ မဲဆန္ဒရှင်များနှင့် CVR မဲဆန္ဒရှင်များကို ကူညီပေးသည်၊ မဲဆန္ဒရှင်များထံမှ VBM စာအိတ်များလက်ခံပြီး "မဲပေးပြီးပြီ" စတစ်ကာများကို ထုတ်ပေးသည် (လိုသလိုသုံးနိုင်သော ရာထူး)။

## 3-B မဲစင်တာအကူအညီ


ကောင်တီအတွင်းရှိ မဲစင်တာတိုင်းတွင် မဲဆန္ဒရှင်များအား ၎င်းတို့၏ မဲပေးလွှာကို လွတ်လွတ်လပ်လပ်နှင့် သီးသန့်အမှတ်အသားပြုရန် ခွင့်ပြုပေးသည့် အပြည့်အဝသုံးနိုင်သော မဲပေးစက်များဖြစ်သည့် BMD များရှိပါမည်။ ထို့အပြင် ရွေးကောက်ပွဲ ဝန်ထမ်းအားလုံးသည် မသန်စွမ်းသည့် မဲဆန္ဒရှင်များအား မဲပေးသည့်လုပ်ငန်းစဉ် အဆင့်တိုင်းတွင် ကူညီပေးခြင်းနှင့် စပ်လျဉ်း၍ လေ့ကျင့်မှုများကို ရယူပါမည်။ ဤတွင် မသန်စွမ်းသည့် မဲဆန္ဒရှင်များအတွက် များစွာအကျိုးရှိစေမည့် BMD တွင် ရရှိနိုင်သော လုပ်ဆောင်ချက်များအကြောင်း ဦးစားပေး လေ့ကျင့်မှု ပါဝင်သည်။ မဲစင်တာအားလုံးတွင် ရရှိနိုင်မည့် နောက်ထပ် သုံးစွဲနိုင်မှုစက်များတွင် မှန်ဘီလူးများ၊ လက်မှတ်လမ်းညွှန်များ၊ ဘောပင်ကိုင်ရန် အကူကိရိယာများ၊ 20/20 ဘောပင်များနှင့် ပလက်ဖောင်းပေါင်ဘေး မဲပေးခြင်း ဝန်ဆောင်မှုများ ပါဝင်သည်။

မဲစင်တာများသည် ပလက်ဖောင်းပေါင်ဘေး မဲပေးခြင်းကိုလည်း ပံ့ပိုးပေးသည်။ ဤဝန်ဆောင်မှုကို မဲစင်တာထဲသို့ ဝင်ရောက်ရန် အခက်အခဲရှိနိုင်သော သို့မဟုတ် ဝင်ရောက်၍ မရနိုင်သော မဲပေးသူများအတွက် ရည်ရွယ်ပါသည်။ ပလက်ဖောင်းပေါင်ဘေး မဲပေးခြင်းသည် မဲပေးသူများအား ၎င်းတို့၏ ယာဉ်ရပ်နားရန် အဆင်ပြေသော နေရာမှနေ၍ မဲပေးရန်အတွက် မဲစင်တာပြင်ပရှိ သတ်မှတ်နေရာတွင် ရှင်းလင်းစွာ ဖော်ပြပေးထားသော တယ်လီဖုန်းနံပါတ်ကို ခေါ်ဆိုကာ ရွေးကောက်ပွဲ ဝန်ထမ်းတစ်ဦးအား ထိုမဲပေးသူ၏ ယာဉ်နေရာသို့ လာရောက်၍ မဲပေးအချက်အလက်ကို လာယူခိုင်းနိုင်စေသည်။ သို့မှသာ ၎င်းတို့အနေဖြင့် ၎င်းတို့၏ မဲပေးလွှာကို လွတ်လပ်စွာ သီးသန့် အမှတ်အသားပြုနိုင်ပါသည်။ မဲပေးသူများအတွက် မဲပေးနည်းလမ်းများတွင် ISB သို့မဟုတ် မဲပေးလွှာစာရွက်ကို သုံး၍ ၎င်းတို့၏ မဲပေးလွှာကို အမှတ်အသားပြုခြင်း ပါဝင်သည်။

## 3-C မဲစင်တာ ဖွဲ့စည်းပုံ

အပိုင်း 3-A တွင် ဖော်ပြထားသည့်အတိုင်း မဲစင်တာအရွယ်အစား အမျိုးမျိုးရှိပါမည်။ သို့ရာတွင် အခန်းဖွဲ့စည်းပုံနှင့် မဲစင်တာတစ်ခုစီအတွက် သီးသန့်သတ်မှတ်ချက် အမျိုးမျိုးအပေါ် မူတည်၍ BMD အရေအတွက်အတိအကျသည် မဲစင်တာတစ်ခုစီတွင် ကွာခြားနိုင်သည်။ မဲဆန္ဒရှင်အား မဲပေးလွှာကို သီးသန့် လွတ်လပ်စွာရွေးခွင့်ပြုသည့် အနေအထားဖြင့် BMD များကို နေရာချထားကြောင်း သေချာစေရန် မဲစင်တာတစ်ခုစီကို ဖွဲ့စည်းပုံ ပုံကြမ်းပံ့ပိုးပေးပါမည်။ ဖွဲ့စည်းပုံများကို မဲဆန္ဒရှင်များ၏ ဝင်ရောက်သုံးစွဲနိုင်မှု လိုအပ်ချက်များနှင့် ပတ်သက်၍လည်း သတိထားရမည်ဖြစ်ပြီး တည်နေရာတစ်ခုစီ၏ ကွဲပြားသော ပုံသဏ္ဍာန်များနှင့် အခန်းအရွယ်အစားများ ဝင်ဆံ့ရန် ညှိယူရမည်။ အောက်ပါပုံသည် မဲစင်တာအသေး ဖွဲ့စည်းပုံ၏ နမူနာကို ပြထားသည့် ပုံကြမ်းဖြစ်သည်။

*မဲစင်တာဖွဲ့စည်းပုံ နမူနာ*




## အပိုင်း 4 – လုံခြုံရေးနှင့် အရေးပေါ်အစီအစဉ်

### 4-A လုံခြုံရေး နည်းလမ်းများနှင့် စံနှုန်းများ

ကောင်တီ၏ မဲစင်တာများ၌ဆောင်ရွက်သော မဲပေးမှုအားလုံးသည် ပြည်နယ်မှ ချမှတ်ထားသော လုံခြုံရေးစံနှုန်းများ၊ RR/CC ၏ လုံခြုံရေး လုပ်ထုံးလုပ်နည်းများ၊ California ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် California မဲပေးစနစ်အသုံးပြုမှု လုပ်ထုံးလုပ်နည်းများကို လိုက်နာပါမည်။ ဤတွင် မဲစင်တာရှိ ပစ္စည်းကိရိယာအားလုံးကို ဤစည်းမျဉ်းများနှင့်အညီ ချိပ်ပိတ်၊ ပို့ဆောင်၊ သိမ်းဆည်းပြီး အသုံးပြုကြောင်းနှင့် ပစ္စည်းကိရိယာအားလုံးနှင့် မဲပေးလွှာ ကိုင်တွယ်ဆောင်ရွက်ခြင်းအတွက် ထိန်းသိမ်းစောင့်ရှောက်မှု အဆင့်အဆင့်ကို မှတ်တမ်းတင်ထားကြောင်း သေချာစေရေးတို့ ကန့်သတ်ချက်မရှိ ပါဝင်သည်။ ထို့အပြင် လုပ်ထုံးလုပ်နည်းများတွင် နေရာကိုဖွင့်လှစ်သည့်အခါ အနည်းဆုံး ရွေးကောက်ပွဲဝန်ထမ်းနှစ်ဦးရှိရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်။

### 4-B မဲစင်တာ ပံ့ပိုးကူညီမှု

မဲစင်တာတွင် အလုပ်လုပ်နေသူများ အပါအဝင် ဝန်ထမ်းအားလုံး၊ နည်းပညာနှင့် လေးစားလိုက်နာရေးဆိုင်ရာ ပံ့ပိုးကူညီပေးသူများသည် မဲပေးခြင်း ပစ္စည်းကိရိယာများ၏ လည်ပတ်မှု၊ မဲစင်တာတည်ဆောက်ခြင်း၊ မဲဆန္ဒရှင်များအား ကူညီခြင်းနှင့် စီမံဆောင်ရွက်ပေးခြင်း၊ ထိခိုက်လွယ်သော ပစ္စည်းကိရိယာများအား ဘေးကင်းလုံခြုံစေခြင်းနှင့် အရေးပေါ်အခြေအနေတွင် သင့်တော်သော လုပ်ထုံးလုပ်နည်းများအတွက် အထူးလေ့ကျင့်ရေးများကို တက်ရောက်ပါမည်။

မဲစင်တာခေါင်းဆောင်များနှင့် ကွင်းဆင်းပံ့ပိုးရေး နည်းပညာရှင်များ (FST)အားလုံးကို လိုအပ်သည့်အခါ ရွေးကောက်ပွဲဝန်ထမ်းများနှင့် ဆက်သွယ်ရန် စမတ်ဖုန်း ပံ့ပိုးပေးပါမည်။ ဖုန်းများသည် အကြမ်းခံ၊ ယုံကြည်စိတ်ချရပြီး ပြင်းထန်သည့်အခြေအနေများအတွက် ဖန်တီးထားသော အလွယ်တကူ မကျိုးပဲ့နိုင်သည့် စက်များဖြစ်သည်။ ဤစက်များသည် ခေါင်းဆောင်များနှင့် FST များအား အမြန်ဆက်သွယ်နိုင်စေပြီး မဲစင်တာအားလုံးထံသို့ နောက်ဆုံးရသတင်းများနှင့် မှာကြားချက်များကို တစ်ပြိုင်နက်တည်း ပေးပို့ရန် RR/CC အား ခွင့်ပြုပေးသည်။ RR/CC သည် စက်များကိုအဝေးမှ လှမ်းပိတ်နိုင်၊ ဖုန်းများ၏ ဖွဲ့စည်းမှုပုံစံကို ပြောင်းနိုင်ပြီး ဖုန်းပျောက်ဆုံး သို့မဟုတ် အခိုးခံရပါက လော့ခ်ချနိုင်ကြောင်း သေချာစေရန် လုံခြုံရေးစီမံချက်များကိုလည်း ထည့်သွင်းထားသည်။

RR/CC တွင် အသင့်အနေအထားနှင့် ပြဿနာများဖြေရှင်းရာတွင် ခေါ်ဆိုသူများအား ကူညီပေးနိုင်သည့် ဝန်ထမ်းများဖြင့် လေ့ကျင့်ထားသည့် ဖုန်းခေါ်ဆိုရေးစင်တာရှိပါမည်။ ရွေးကောက်ပွဲဝန်ထမ်းအားလုံးနှင့် နည်းပညာနှင့် လေးစားလိုက်နာရေးဆိုင်ရာ ပံ့ပိုးကူညီပေးသူများကို အရေးပေါ်လုပ်ငန်းစဉ်များတွင် လေ့ကျင့်ပေးမည်ဖြစ်ပြီး မဲစင်တာလည်ပတ်မှုနှင့် အရေးပေါ်အခြေအနေအတွင်း မဲဆန္ဒရှင်များကို စီမံခြင်းအတွက် လေ့ကျင့်ရေး လက်စွဲစာစောင်များလည်း ပံ့ပိုးပေးပါမည်။

## 4-C ဆိုက်ဘာ လုံခြုံရေး

ဆိုက်ဘာလုံခြုံရေးနှင့် ရွေးကောက်ပွဲ၏ သမာသမတ်ကျမှုကို ထိန်းသိမ်းခြင်းသည် RR/CC ၏ ပဓာနကျသည့် ဦးစားပေးမှုများဖြစ်သည်။ RR/CC ၏ သတင်းအချက်အလက် နည်းပညာအဖွဲ့သည် RR/CC ၏ စေ့စပ်သေချာမှုအဆင့်ကို မြှင့်တင်ခြင်းအပြင် လုပ်ငန်းဆိုင်ရာစံနှုန်းများနှင့် အကောင်းဆုံး အလေ့အကျင့်များနှင့်အညီ အုပ်ချုပ်ပုံ၊ အန္တရာယ်နှင့် လိုက်နာမှု (GRC) အခြေခံမူဘောင်ကို လက်ခံသဘောတူခဲ့သည်။ RR/CC သည် ကွန်ရက်လုံခြုံရေးကို လုပ်ဆောင်ထားပြီး မသင်္ကာဖွယ် သို့မဟုတ် အန္တရာယ်ရှိသည့် ဖြစ်ရပ်များကို ကြိုတင်တုံ့ပြန်နိုင်ရန် စဉ်ဆက်မပြတ်စောင့်ကြည့်ရေးကို ပံ့ပိုးပေးပါမည်။

ထို့အပြင် ePollbooks များကို အဓိကထား စီမံခန့်ခွဲပြီး Routersများတွင် ခွင့်ပြုပေးထားကာ ရပ်နေစဉ်၊ ရွေ့လျားနေစဉ်နှင့် ကူးပြောင်းစဉ်တို့တွင် ကုဒ်ဝှက်ခြင်းကို ကူညီအတည်ပြုနိုင်ရန် ချိတ်ဆက်မှုများကို ကုဒ်ဝှက်ထားသည့်အပြင် မျှဝေထားသော ကီးများကို ရွေးကောက်ပွဲတိုင်းအတွက် ပြောင်းလဲပါသည်။ နောက်ဆုံး၌ မသင်္ကာဖွယ် သို့မဟုတ် အန္တရာယ်ရှိသည့် ဖြစ်ရပ်များကို ကြိုတင်တုံ့ပြန်နိုင်ရန်အတွက် စဉ်ဆက်မပြတ်စောင့်ကြည့်ရေးကို ပံ့ပိုးပေးရန် ရွေးကောက်ပွဲများအတွက် တိကျသည့် လုံခြုံရေးဆိုင်ရာ လည်ပတ်မှုစင်တာ (SOC) ကို တည်ဆောက်ထားသည်။

## 4-D အရေးပေါ် အစီအစဉ်

RR/CC တွင် မဲစင်တာတစ်ခု၌ အနှောင့်အယှက်များကို ဖြေရှင်းရန် ခိုင်မာသော အရေးပေါ် အစီအစဉ်တစ်ခု ရှိပါသည်။ ယေဘုယျအားဖြင့် မဲစင်တာတစ်ခုသည် သိသိသာသာ အနှောင့်အယှက်ခံရပါက RR/CC သည် Pop-Up မဲစင်တာကို ချက်ချင်းအသုံးပြုပါမည်။ ဤ Pop-Up မဲစင်တာတွင် ePollbooks နှင့် BMD များကို တည်ဆောက်ရန် လိုအပ်သော ဝန်ထမ်းများနှင့် စက်ကိရိယာအားလုံး ရှိသည်။ Pop-Up မဲစင်တာကို ထိရောက်စွာ တည်ဆောက်နေချိန်တွင် ရွေးကောက်ပွဲဝန်ထမ်းများသည် မဲဆန္ဒရှင်များအား အနီးနားရှိ မဲစင်တာများသို့ ပြန်လည်ညွှန်းပေးမည်ဖြစ်ပါသည်။

သင့်လျော်သည့်အခါတွင် RR/CC သည် ဥပဒေစိုးမိုးရေးအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးရုံးသို့လည်း အကြောင်းကြားမည်ဖြစ်ပြီး မဲဆန္ဒရှင်များ သတင်းရရှိကြောင်း သေချာစေရန် မီဒီယာ အပ်ဒိတ်များကို ပံ့ပိုးပေးမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် သို့မဟုတ်

အခြားအနေအထားအတွက် တစ်ခုခုသည် မဲစင်တာ သို့မဟုတ် မဲပေးလွှာထည့်ရန်ပုံး၏ ရပ်တည်လုပ်ဆောင်နိုင်မှုအပေါ် သက်ရောက်မှုရှိပါက ထပ်ဆောင်းအသိပေးချက်များ၊ ဆိုင်းဘုတ်များနှင့် ဝန်ထမ်းများကို အသုံးပြု၍ မဲဆန္ဒရှင်များအား အခြားနေရာတစ်နေရာသို့ သွားရောက်ရန် ညွှန်ကြားပါမည်။

မဲပေးသည့်ကာလအတွက် မဲစင်တာရှိ လုပ်ဆောင်ချက်အားလုံးကို ရပ်ဆိုင်းရပါက California ရွေးကောက်ပွဲ ကျင့်ထုံးဥပဒေနှင့် မဲပေးလွှာ ထုတ်လုပ်မှုနှင့် အပြီးသတ်မှု လမ်းညွှန်ချက်များနှင့်အညီ ရွေးကောက်ပွဲ ဝန်ထမ်းများသည် မဲစင်တာ၏ မဲပေးကိရိယာနှင့် မဲပေးခြင်းအကြောင်းအရာ စာရင်းကို ချက်ချင်း လုံခြုံစိတ်ချရအောင် ဆောင်ရွက်ပါမည်။ RR/CC သည် အစားထိုးမဲစင်တာကို ဖွင့်လှစ်ရန် ကြိုးပမ်းမည်ဖြစ်ကာ အများပြည်သူထံ အဆိုပါပြောင်းလဲမှုအကြောင်း အချက်အလက်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပါမည်။

## အပိုင်း 5 – ရှေ့ဆက်ဆောင်ရွက်ခြင်း

Los Angeles ကောင်တီ၏ မဲဆန္ဒရှင်များသည် ဆက်လက်တိုးပွားလာပြီး ပိုမိုမတူကွဲပြားမှုရှိလာပါသည်။ ၎င်းတို့ လှုပ်ရှားဆောင်ရွက်နေသည့် အသိုင်းအဝိုင်းများသည်လည်း ဆက်လက် ပြောင်းလဲလာကာ နည်းပညာကို ပိုမိုအားကိုးပြီး အဆင်ပြေလွယ်ကူမှုကို ဦးစားပေးလာပါမည်။ RR/CC သည် ကောင်တီအတွင်းရှိ မဲဆန္ဒရှင်များကို အကောင်းဆုံး ဝန်ဆောင်မှုပေးရန် လိုအပ်သည့်အတိုင်း ဤစီမံချက်ကို ပြောင်းလဲပြင်ဆင်ကာ လိုက်လျောညီထွေ တုံ့ပြန်မှုရှိစေရန် ဆက်လက်ချိန်ညှိဆောင်ရွက်သွားပါမည်။